ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 June 2023 ၁၁၁၂၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# ပြည်သူလူထုအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ် မဖြစ်မနေဝယ်ယူစားသုံးနေရသောကြောင့် အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## စားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုနှင့် ဈေးကွက်အတွင်းသို့ သက်သာသော နှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု အခြေအနေများ၊ သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့်ကြက်ဥ၊ ဘဲဥများအား သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ သက်သာသောနှုန်းထားများဖြင့် သွားရောက်ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**သမ္မာအာဇီဝ စိတ်ရင်းစေတနာကောင်းဖြင့် လုပ်ကိုင်မှသာ ပြည်သူများ စိတ်အေးချမ်းသာမည်**

ဆောင်းပါး စာမျက်နှာ » ၆

**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)ရှိ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်**

စာမျက်နှာ » ၁၀

**ကိုလံဘီယာနိုင်ငံ အမေဇုန်တောအတွင်းပျက်ကျခဲ့သည့် လေယာဉ်ငယ်တစ်စင်းပေါ်လိုက်ပါခဲ့သည့် ကလေးငယ်လေးဦးကို ရက်ပေါင်း ၄၀ အကြာ အသက်ရှင်လျက်ပြန်လည်တွေ့ရှိ**

စာမျက်နှာ » ၁၃

# ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရေရှည်အာမခံချက်ရှိရေးကူညီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်တွင်ပါရှိသည့် "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး" ဦးတည်ချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ မကြာခဏသွားရောက်ပြီး MSME လုပ်ငန်းများနှင့်ပတ်သက်၍ အားပေးခြင်း၊ အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပေးခြင်းတို့အပြင် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလျက်ရှိသည်။ MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည့် ညွှန်ကြားချက်များ အချက် ၁၉၀ ကျော်ရှိသည်။ လုပ်ငန်းရှင်များနှင့်ဒေသခံပြည်သူများ၏ တင်ပြချက်များမှာ အချက် ၂၃၀ ကျော်ရှိသည်။

လုပ်ငန်းရှင်များနှင့်ပြည်သူများ၏ တင်ပြချက်များတွင် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်နှင့်မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားကဏ္ဍများပါဝင်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များမှ အဓိကအခြေခံအချက်များမှာ ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်တင်ပြချက်များကို အကောင်အထည်ဖော်နိုင်ရန် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သည့် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အေဂျင်စီများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ်မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများညှိနှိုင်းကာ ကုန်ထုတ်နယ်ပယ်များကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်နယ်ပယ်များအနေဖြင့် အဓိကကျသော ဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့်လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်/ဝါး၊ သားငါး၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအခြေခံ ထွက်ကုန်ထုတ်လုပ်နိုင်ရန် ဒေသအလိုက်ရရှိနိုင်သည့် ကုန်ကြမ်းပေါ်မူတည်၍ ထွက်ကုန်နယ်ပယ်သတ်မှတ်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်နေသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်အာမခံချက်ရှိရန် SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဦးစားပေးထုတ်လုပ်ရမည့် ထုတ်ကုန်များကို ခွဲဝေသတ်မှတ်ပေးရန်၊ ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများတည်ထောင်ပြီး သမဝါယမစနစ်နှင့် ကုန်စည်ဒိုင်များ ချိတ်ဆက်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်အမှတ်တံဆိပ်များတွင် ဖော်ပြထားသည့်အချက်အလက်များ စနစ်တကျရှိစေရေး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဒေသအသီးသီးရှိ ကုန်စည်သတင်းအချက်အလက်များနှင့် ပြည်ပပို့ကုန်သတင်းအချက်အလက်များကို MSME လုပ်ငန်းရှင်များသိရှိစေရန် နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းဖော်ပြကြေညာပေးရန်၊ MSME ဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် Information Mechanism တစ်ခုတည်ထောင်နိုင်ရေး ဆောင်ရွက်ရန်နှင့် ၂၀၁၈ ခုနှစ် အာဆီယံ SME မူဝါဒဆိုင်ရာ အညွှန်းကိန်းအစီရင်ခံစာပါ အချက်အလက်များ စသည်တို့ကို အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားထားသည့် MSME လုပ်ငန်းများအတွက် အခြေခံအချက် (၃)ချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် လုပ်ငန်းကော်မတီနှင့်တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများ ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းများ ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွင်း ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိအောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝစည်ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနဒ္ဓဇောတိကစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဏ္ဍရာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြ ပရိယတ္တိစာသင်တိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**စဉ့်ကူး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သော်တာထွန်းနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိုက်တို့က သစ်ပင်စိုက်ပျိုးပေးကြမည့် တက်ရောက်လာကြသူများထံသို့ ကျွန်းပင် ၆၀၀၊ ပိတောက် ၁၀ ပင်၊ ကံ့ကော် ၁၀ ပင်၊ ခရေ ၁၀ ပင်၊ စိန်ပန်း ၁၀ ပင်၊ သပြေဘူတ ၁၀ ပင် စုစုပေါင်းသစ်ပင်ပျိုးပင် ၆၅၀ တို့အား ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်

**ရေတာရှည် ဇွန် ၁၀**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် Alt GIS နည်းပညာအသုံးပြု၍ Census units များ ရပ်ကွက်အလိုက် ရေးဆွဲခြင်းလုပ်ငန်းများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် သန်းခေါင်စာရင်းယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များအတွင်း Ait GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်းယူနစ်များနှင့် စာရင်းကောက်ကွက်မြေပုံများ ရေးဆွဲခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (ရုံးချုပ်) ပညာရှင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမင်းညီညီထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ Computer/Laptop/ Mobile Tablet များဖြင့် သန်းခေါင်စာရင်းယူနစ်များရေးဆွဲခြင်း၊ စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်ရှစ်ရပ်ကွက် အတွင်းရှိ အိမ်ထောင်စု ၅၇၄၃ စု၊ ကျား/မ ဦးရေ ၂၃၂၄၁ ဦး ရေးသွင်းအတည်ပြုပြီးဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားစဉ်။

☆ ရှေ့ဖုံးမှ

လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် သား၊ ငါး ထုတ်လုပ်မှုအပေါ် စားသုံးနိုင်မှု အခြေအနေများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဒေသတွင်း၌ ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် စားရေရိက္ခာဖူလုံရမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ ရှစ်သန်းခန့်ရှိပြီး နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များစွာရှိသဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း ရန်ကုန်တိုင်းဒေသကြီးသို့ အသား၊ ငါးနှင့် ဥများကို တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အခြားဒေသမှ လာရောက်ရောင်းချခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပြင် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကြောင့် စားသောက်ကုန်များကို ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူစားသုံးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ နေ့စဉ် စားရေးလိုအပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက မြို့နေပြည်သူများအနေဖြင့် အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ပေါများစွာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း။

## အခြေခံစားကုန်များ ဈေးနှုန်းကြီးမားမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်သူလူထုအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ် မဖြစ်မနေဝယ်ယူစားသုံးနေရသောကြောင့် အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများအနေဖြင့် မိမိတို့ စတင်တာဝန်ယူစဉ်ကပင် စီးပွားရေးပိတ်ဆို့ခြင်း၊ ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်အောင်ဆောင်ရွက်ခြင်း၊ ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်အောင် ဆောင်ရွက်ခြင်းများဖြင့် နိုင်ငံရေးအခက်အခဲအကျပ်အတည်းများဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးမွေးမြူရေးဧရိယာများတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာ အသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ဥများလုံလောက်စွာရရှိနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အမှန်တကယ်အကျိုးရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေလိုပြီး ရန်ကုန်မြို့နေ လူဦးရေ၏ စားရေးကို အထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစား နမူနာပြသထားရှိမှုများကို ကြည့်ရှုစဉ်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အစာများနှင့် မြေဩဇာများ လိုအပ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများနှင့် သဘာဝမြေဩဇာများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ တိရစ္ဆာန်အစာများကိုထုတ်လုပ်ခြင်းဖြင့် ဒေသတွင်း အစာဈေးနှုန်းများကျဆင်းလာမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမှ ကြက်ဥများ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဘဲဥများကို များစွာတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ ပို့ဆောင်သဖြင့် ကျသင့်နိုင်သည့် သယ်ယူပို့ဆောင်ခများထက် ရောင်းချသည့် ဈေးနှုန်းများမှာ များစွာကွာခြားလျက်ရှိပြီး ပိုမိုဈေးတင်ထားသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ ဝိသမလောဘသားများအနေဖြင့် စားသုံးကုန်ဈေးနှုန်းများကို ထိုက်သင့်သည့်ဈေးထက် ပိုမိုဈေးတင်ရောင်းချနေမှုအပေါ် တာဝန်ရှိသူများအနေဖြင့် စိစစ်ရန်လိုကြောင်း၊ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်မခံရစေရေး ဒေသအတွင်းရှိ ကုန်ထုတ်လုပ်စွမ်းအားဖြင့် ဆောင်ရွက်ရန်နှင့် ပြင်ပမှတင်သွင်းမှုများကို သက်သာသောဈေးနှုန်းများဖြင့် ရရှိရေးဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများစားရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ရန်လိုသကဲ့သို့ တပ်မတော်မှလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။ **စာမျက်နှာ ၄ သို့** ☆

- ❖ **စားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်**
- ❖ **ထိုသို့ ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးမွေးမြူရေးဧရိယာများ တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်**
- ❖ **တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချရန် အတွက် ဆောင်ရွက်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ငါးများမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✰ စာမျက်နှာ ၃ မှ

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာ ပြသထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဘဲဥ၊ ထိုင်ဝမ်သဘော်၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲမွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီးနောက် ခင်းကျင်းပြသထားသည့် ငါးမွေးမြူရေးလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှု၍ တာဝန်ရှိသူများနှင့် ကုန်ထုတ်လုပ်မှုများနှင့် ရန်ကုန်မြို့တော် စားရေရိက္ခာဖူလုံမှုရှိစေရေး သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်း-မအူပင် သဘာဝဓာတ်ငွေ့မြေနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်း-မအူပင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်ပြီးစီးမှုအခြေအနေကို ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံများနှင့် လုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ရှာဖွေရေးလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ် ပို့လွှတ်နိုင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား သစ်သီးခြင်းနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်း သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက် (Compressor) ကို လည်းကောင်း၊ မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် စက်ရုံတာဝန်ရှိသူများက ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု အခြေအနေနှင့် စက်ရုံပုံမှန်ဆက်လက်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စက်ရုံလုံခြုံရေးအား အထူးကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံအတွင်း စက်ရုံလည်ပတ်ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်း-သာပေါင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းပေါ်ရှိ Ball Valve Station အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ

**မုံရွာ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၉/၂၀၂၃) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ရှိ မြရောခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီးထံ ငွေကျပ် ၁၀ သိန်းနှင့် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၂၁၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက သီဆိုကပြဖျော်ဖြေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။



၂၀၂၂-၂၀၂၃ ပညာသင်နှစ် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်သို့ ပထမနှစ်(ဒုတိယနှစ်ဝက်) သင်တန်းသား သင်တန်းသူ ၁၅၃ ဦး၊ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းသား သင်တန်းသူ ၂၄၇ ဦး၊ ဒုတိယနှစ်(ဒုတိယနှစ်ဝက်) သင်တန်းသား သင်တန်းသူ ခုနစ်ဦး၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း သင်တန်းသား သင်တန်းသူ ၇၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၈၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် အထူးကုဆရာဝန်ကြီးများ မြေပြင်ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၁၀**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တို့သည် ယနေ့နံနက်ပိုင်းတွင် မိုခါ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ မြေပြင်ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးကြသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာတို့သို့ ရောက်ရှိကြပြီး အိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှု အခြေအနေတို့ကိုမေးမြန်းကာ ဝန်ထမ်းများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်တော်သာရပ်ကွက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် မင်းဂံရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာတို့သို့ သွားရောက်၍ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ သင်ပုန်းတန်းကျောင်းတိုက်သို့ ရောက်ရှိကြပြီး စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ခုတင်(၅၀) ဆံ့ စစ်တွေတိုင်းရင်းဆေးရုံမှ သမားတော်ကြီးများ မြေပြင်ကွင်းဆင်း၍ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ စစ်တွေမြို့ သင်ပုန်းတန်းကျေးရွာတွင် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ကျန်းမာရေး စောင့်ရှောက်မှု လာရောက်ခံယူကြသည့် လူနာများ၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းပြီး အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသည့်အဖွဲ့တွင် စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး၊ မျက်စိ၊ သွားနှင့် ခံတွင်း၊ အရိုး၊ အရေပြား၊ သားဖွားမီးယပ်၊ ကလေးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ စစ်တွေတိုင်းရင်းဆေးရုံမှ သမားတော်ကြီးများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ Medical Team တို့ပူးပေါင်းပါဝင်၍ စစ်တွေမြို့ရှိ ဒေသခံပြည်သူများအား နယ်မြေကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံ ဆေးဝါးစက်ရုံထုတ် ဆေးများအား လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပေးအပ်လှူဒါန်းစဉ်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက သဘာဝဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများက ကူညီထောက်ပံ့မှုများကို ဘေးသင့်ဒေသများနှင့် ပြည်သူများ ညီညွတ်မျှတစွာ ရရှိအောင် ထိန်းညှိဆောင်ရွက်သွားရေး၊ ပြည်တွင်းပြည်ပမှ လှူဒါန်းမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများနှင့်စပ်လျဉ်းပြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က သာသနိကအဆောက်အအုံများ အမြန်ဆုံး ပြုပြင် ဆောင်ရွက်နိုင်ရေး ဆောက်လုပ်ရေးပစ္စည်းများနှင့် လိုအပ်သည့်သစ်များ ရရှိစေရေးအတွက် ဦးစားပေးစီမံဆောင်ရွက်ပေးရန်၊ အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်သောကျောင်းများမှ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံစသည့် ယာယီနေရာများတွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ယာယီစာသင်ဆောင်များဖြင့် စာသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ စစ်တွေမြို့ပေါ်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မရှိစေရေးနှင့် စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းစေရေး ပညာပေးဆောင်ရွက်သွားရန် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် ဆေးဝါးများကို လာရောက်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ရရှိစေရေးအတွက် မေ ၁၈ ရက်မှ စတင်၍ လူအင်အား၊ စက်ယန္တရားအင်အားများစုဖွဲ့ပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာ ၂၃၀ ကေဗွီ အမ်း-မြောက်ဦး- ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ ဓာတ်အားလိုင်းတို့ကို ဇွန် ၇ ရက်တွင် ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့၌ မေ ၇ ရက် ညပိုင်းမှ စတင်၍ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။ ဆောင်ရွက်ရန်ကျန်ရှိသည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော်၊ ပုဏ္ဏားကျွန်း-မြောက်ဦး၊ ပုဏ္ဏားကျွန်း-ရသေ့တောင်၊ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်း ပြင်ဆင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇွန်လစတုတ္ထပတ်နှင့် ဇူလိုင်လ ပထမပတ်တို့တွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်၍ မြို့နယ်အားလုံးသို့ လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

# သမ္မာအာဇီဝ စိတ်ရင်းစေတနာကောင်းဖြင့် လုပ်ကိုင်မှသာ ပြည်သူများစိတ်အေးချမ်းသာမည်

ကိုရေချမ်း

**မြန်မာနိုင်ငံတွင် ကုန်စည်ဈေးနှုန်းများ တစ်နေ့တခြား မြင့်တက်နေသည်မှာ ပြည်သူများအတွက် အဆန်းတော့မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် ကုန်စည်ဈေးနှုန်းများ အတက်အကျဖြစ်လေ့ရှိပါသည်။ သို့သော် တက်ပြီးလျှင် ပြန်မကျသည့်ကုန်ဈေးနှုန်းသည် သွေးရိုးသားရိုးမဟုတ်ဘဲ မတော်လောဘများပါဝင်နိုင်ပါသည်။ မတော်လောဘများကြောင့် ပြည်သူများအတွက် ဖိစီးမှုဝန်ထုပ်ဝန်ပိုးများ ကြီးကြီးမားမားဖြစ်လာစေပါသည်။**

ကုန်ဈေးနှုန်းဒဏ်ကို မြန်မာပြည်တစ်ခုတည်း ကြုံကြုံခံနေရခြင်းတော့မဟုတ်ပါ။ နိုင်ငံတကာတွင်လည်း ကုန်စည်ဈေးနှုန်းများ တက်လေ့ရှိပါသည်။ သို့သော် အတိုင်းအတာရှိသည်။ အကြောင်းရင်း အချက်အလက်များ အခိုင်အမာရှိသည်။ ဖြစ်သင့်ဖြစ်ထိုက်သော အနေအထားဖြင့် တက်လေ့ရှိကြသည်။ ကမ္ဘာ့နိုင်ငံများတွင် ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းရင်းများကို လေ့လာကြည့်လျှင် စွမ်းအင်လောင်စာဈေးနှုန်းမြင့်တက်မှု၊ ကုန်ပစ္စည်းရှားပါးမှု၊ သယ်ယူပို့ဆောင်စရိတ်မြင့်တက်မှုတို့သည် အဓိကကျသော အကြောင်းအချက်များဖြစ်သည်။

**ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းအချက်များ**

အထူးကိစ္စရပ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ၊ သဘာဝဘေးအန္တရာယ်တို့ကြောင့်လည်း ကုန်ဈေးနှုန်းတက်နိုင်ပါသည်။ အလုပ်အကိုင်များ တုံ့ဆိုင်းရပ်တန့်သွားသောအခါ ရောင်းလိုအားနည်းပြီး ဝယ်လိုအားများလာသောကြောင့် ကုန်ဈေးနှုန်းတက်ရသည်။ နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက်ပိုင်း မြင့်တက်လာသည့် ဝယ်လိုအားများကြောင့် ကမ္ဘာတစ်ဝန်းသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးတွင် ဝန်ဆောင်မှုစရိတ်ကို တိုးမြှင့်သတ်မှတ်သောအခါ ကုန်စည်ဈေးနှုန်းများ မြင့်တက်လာသည်။ လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းသည် ဈေးနှုန်းတက်ခြင်းကို တွန်းအားပေးစေခဲ့သည်။

ဤအကြောင်းအချက်များသည် တစ်ကမ္ဘာလုံးလက်ခံထားသည့် ကုန်ဈေးနှုန်းတက်ခြင်း၏ အဓိကအကြောင်းအချက်များဖြစ်သည်။ မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းတက်ခြင်းနှင့်ပတ်သက်၍ အဆန်းတကျယ်ဖြစ်နေပါသည်။ နိုင်ငံတကာက လက်ခံထားသည့် ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းအချက်များနှင့်မတူဘဲ မည်သည့်အကြောင်းကြောင့် တက်ရသည်ကို ပြည်သူများအနေဖြင့် နားလည်နိုင်ခြင်းမရှိပေ။ တိုင်းပြည်တွင် အကြောင်းကိစ္စတစ်ခုခု ပေါ်ပေါက်လာတိုင်း ဈေးနှုန်းတက်နေသည်မှာ မထူးသော်လည်း ဆန်းနေပါသည်။ ဒေါ်လာဈေးနှုန်းတက်၍၊ ကုန်ပစ္စည်းများ ပြတ်လပ်၍၊ စက်သုံးဆီဈေးနှုန်းတက်၍ ဈေးနှုန်းတက်လာသည်မှာ လက်ခံနိုင်ဖွယ်ရှိပါသည်။ သင်္ကြန်နီးလို့၊ ကျောင်းဖွင့်တော့မည်ဖြစ်လို့၊ လစာတိုးလို့၊ မုန်တိုင်းလာမှာမို့လို့၊ ရေကြီးနေလို့၊ လမ်းပိတ်နေလို့ စသည်စသည့် ထူးထူးခြားခြား အကြောင်းကိစ္စများသာမက ကောလာဟလများ၊ သတင်းစကားအမျိုးမျိုး ဖြစ်ပေါ်မှုကြောင့် ကုန်ဈေးနှုန်းများ တက်လာသည်မှာ လက်ခံနိုင်ဖွယ်မရှိပါ။

ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်၊ ဗျိုင်းနားလို့ကိုင်းရတယ်ဆိုသကဲ့သို့ ကုန်ဈေးနှုန်း စတင်တက်ရခြင်း အကြောင်းအကျိုးများ ရှိရမည်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းရင်းများ၊ ကုန်ဈေးနှုန်း စတင်ကြီးမြင့်လာသည့် ဇာစ်မြစ်ကို ရှာဖွေကြည့်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ ဖြစ်ပျက်နေသည်မှာ ကုန်ပစ္စည်းများ ရှားပါးပြတ်လပ်မှု၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှု၊ နိုင်ငံခြားငွေဈေးတက်လာမှု စသည့်အကြောင်းများထက် အားလုံးညီညာဖြဖြ တက်လိုစိတ်များဖြင့် အဖြစ်များနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ဖက်ရည်တစ်ခွက်ကိုးရာမှ တစ်ထောင်ဖြစ်တော့ အားလုံးတက်လိုက်ကြတာ တစ်နေ့တည်းဖြစ်သည်။ သကြားဈေး၊ နို့ဆီဈေး၊ လက်ဖက်ခြောက်ဈေးများက နေ့တိုင်းတက်နေသည့်အလား။

မည်သို့ပင်ဖြစ်စေ အခြေခံလူတန်းစားများသော မြန်မာနိုင်ငံတွင် ဆန်ဈေးနှုန်း တည်ငြိမ်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။

> **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစွမ်းကုန်တည်ဆောက်နေချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးအမြတ်ကိုသာ အဓိကမထားဘဲ မိမိလည်း နိုင်ငံသားတစ်ဦးဟူသော အသိစိတ်ဓာတ်ဖြင့် မိမိနှင့်သက်ဆိုင်သော ကုန်ရောင်း၊ ကုန်ဝယ်၊ ကုန်စည်ဖလှယ်မှုများတွင် အများအကျိုးအတွက် ဆောင်ရွက်သင့်**

နိုင်ငံတော်ကလည်း စိုက်ပျိုးမွေးမြူရေးကို အထူးအားပေးကူညီဖြည့်ဆည်းပေးနေသည်။ မုန်တိုင်းသင့်ဒေသများမှအပ ပုံမှန်အခြေအနေရှိနေသည်။ ဆန်စပါးပြတ်လပ်မှုသည် ဖြစ်နိုင်စရာအကြောင်းမရှိပါ။ စိုက်ပျိုးရာသီအလိုက် နွေစပါး၊ မိုးစပါးများ အဆက်မပြတ်ထွက်ရှိနေသည့်အပြင် အရေးပေါ်အနေဖြင့် အရန်ဆန်များလည်း သိုလှောင်ထားရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ဆောင်မှုစရိတ်များ တက်လာသောကြောင့် ဆန်ဈေးနှုန်း အတိုင်းအတာတစ်ခုအထိ တက်သည်မှာ လက်ခံဖွယ်ရာရှိသော်လည်း အကြောင်းရင်းပြနိုင်ခြင်းမရှိဘဲ ဆန်ဈေးနှုန်းများ အဆမတန်တက်ခြင်းမှာ ထူးခြားပါသည်။

**စားသောက်ကုန်ဈေးနှုန်းများ ဈေးကစားမှု**

ယနေ့ကာလတွင် နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှု၊ ကောလာဟလထုတ်လွှင့်မှု၊ တီးတိုးဝါဒဖြန့်မှုများကို ပြည်တွင်း၊ ပြည်ပ နှစ်ဌာနလုံးက ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အရေးကြီးသော အခြေအနေတစ်ရပ်အနေဖြင့် ဝိသမလောဘသမားများက အခြေခံစားကုန်များဖြစ်သော ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်၊ အာလူး စသည့်စားသောက်ကုန်ဈေးနှုန်းများ ဈေးကစားမှုကြောင့် အလွန်အမင်း မြင့်တက်လာဟန်တူပါသည်။ နိုင်ငံရေးအရ ကောလာဟလသတင်းထုတ်လွှင့်မှုများနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုမှာ တိုက်ရိုက်အချိုးကျနေသလို ဖြစ်နေသည်ဟုဆိုရမည်ဖြစ်သည်။ "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ" ဆိုသကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ နိုင်ငံရေးအရ မတည်မငြိမ်ဖြစ်မှု၊ ရေကြီးရေလျှံ၊ မုန်တိုင်းဖြစ်မှုတို့ ဖြစ်သည့်အခါ တည်ငြိမ်မှုမရှိတော့သယောင်၊ ထပ်မံဖြစ်ပွားတော့ မယောင်သတင်းများ ထုတ်လွှင့်၍ ဈေးကွက်တွင် ဈေးနှုန်းများ အဆမတန် တင်လာခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းထွက်ကုန်များ တိုးတက်ထွက်ရှိရေး၊ စားရေရိက္ခာဖူလုံရေး၊ ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးအတွက် အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးနေပါသည်။ ကုန်ပစ္စည်း လက်ဝယ်ရှိသူ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် အများအကျိုးအတွက် စေတနာမှန်ကန်စွာထားရှိခြင်းမရှိပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် အများပြည်သူစိတ်ချမ်းသာရေးကို ပေးစွမ်းနိုင်မည်မဟုတ်ပါ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစွမ်းကုန်တည်ဆောက်နေချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးအမြတ်ကိုသာ အဓိကမထားဘဲ မိမိလည်း နိုင်ငံသားတစ်ဦးဟူသော အသိစိတ်ဓာတ်ဖြင့် မိမိနှင့်သက်ဆိုင်သော ကုန်ရောင်း၊ ကုန်ဝယ်၊ ကုန်စည်ဖလှယ်မှုများတွင် အများအကျိုးအတွက် ဆောင်ရွက်သင့်ပါသည်။

"ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဟူသော အတွေးအခေါ်များရှိနေသေးပါက တိုးတက်သာယာဝပြောသော နိုင်ငံတည်ဆောက်ရာတွင် အဟန့်အတားဖြစ်နေမည်မှာ သေချာပါသည်။ ထိုစိတ်ဓာတ်များအပေါ် ပြည်တွင်း၊ ပြည်ပ ပယောဂများက လောင်စာထပ်ဖြည့်ပေးလိုက်သောအခါ ပြည်သူအများစု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ နိုင်ငံပျက်စီးစေလိုသည့် ပြည်တွင်း၊ ပြည်ပ ပယောဂများရှိနေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အခြေခံအဆောက်အအုံကို ပြောင်းလဲတည်ဆောက်ခြင်းသည် နေ့ချင်းညချင်းပြီးနိုင်သည့် လုပ်ငန်းမဟုတ်ပါ။ များစွာကျယ်ပြန့်လှ၍ အချိန်အတန်ကြာစောင့်ရပါသည်။

ယနေ့ကာလတွင် နိုင်ငံရေးနယ်ပယ်တွင်သာမက စီးပွားရေးနယ်ပယ်တွင်ပါ အမြတ်ထုတ်လိုသူများ၊ အသုံးချလိုသူများရှိနေသည်ကို သတိချပ်ရမည်ဖြစ်သည်။ စစ်မြေပြင်တွင် စစ်တိုက်ရာ၌ လည်းကောင်း၊ စီးပွားရေး၊ နိုင်ငံရေးလုပ်ရာ၌လည်းကောင်း မှန်ကန်သော သတင်းအချက်အလက်များကို အခြေခံတွက်ချက် လုပ်ဆောင်မှသာ အောင်မြင်မှုရနိုင်ပါသည်။ မမှန်သတင်းများ၊ သတင်းတုများ၊ ကောလာဟလများ၊ မရိုးသားသောစိတ်ထားများဖြင့် တစ်ဖက်မှ စီးပွားပြိုင်ဘက်၊ နိုင်ငံရေးပြိုင်ဘက်၊ စစ်ရေးရန်သူတို့ သပ်သွင်းပေးလိုက်သည့် သတင်းများကို အခြေခံလုပ်ဆောင်မည်ဆိုပါက အရှုံးနှင့်သာရင်ဆိုင်ရမည်ဖြစ်သည်။

နိုင်ငံရေးနှင့်စီးပွားရေး ရောယှက်နေသည်ကို သာဓကထုတ်ဆောင်မည်ဆိုလျှင် ဖြစ်ပေါ်ခဲ့သော နိုင်ငံ့အရေးအခင်းများတွင် ဝိသမလောဘဖြင့် အမြတ်ကြီးစားကာ အခွန်အကောက်လိမ်လည်ပတ်ရှောင်ပြီး စီးပွားဖြစ်ခဲ့ကြသူများသည် ၎င်းတို့၏ တရားမဝင် ငွေမည်းများကို ငွေဖြူဖြစ်အောင် မျှော်ကိုးကာ ဆူပူမှုများတွင် ငွေပုံအောကာ ဝင်ရှုပ်ခဲ့ကြသည်။ နိုင်ငံရေးနယ်ပယ်တွင်သာမက စီးပွားရေးနယ်ပယ်တွင် အလိမ်အညာ၊ ကောလာဟလသတင်းစကားများဖြင့် အမြတ်ထုတ်ခဲ့ကြရာ အဆိုပါဒဏ်ကို ပြည်သူများ ခံစားကြရသည်။ စူဇကာများမှာ မထိခိုက်၊ တိုင်းဆူပြည်ဖျက် ပုံအောခဲ့သော ငွေကြေးများထက် အဆပေါင်းများစွာသာသည့် ငွေကြေးများကို စီးပွားရေးသောင်းကျန်းကာ ပြည်တွင်း၌ပြန်ရှာနိုင်သည့် နည်းလမ်းများလည်းရှိနိုင်သည်။

**ဆန်ဈေးနှုန်း မြင့်တက်နေ**

မြန်မာနိုင်ငံသားများအတွက် အခြေခံစားကုန်ဖြစ်သော ဆန်ဈေးနှုန်းသည် လက်ရှိအခြေအနေတွင် သက်ာမကင်းဖွယ်ကောင်းလောက်အောင် မြင့်တက်နေပါသည်။ ယခင်က ၁၅၀၀၊ ၂၀၀၀ တန် ဆန်တစ်ပြည်သည် ယခုအခါ ၃၀၀၀၊ ၄၀၀၀ ကျော် ဖြစ်နေသည်မှာ ဆန်စပါးအထွက်လျော့မှု၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ဖြစ်နိုင်ဟန်မတူပါ။ လယ်သမားများ အမှန်တကယ်ကုန်ကျခဲ့သော စိုက်ပျိုးစရိတ်ကို ကျော်လွန်သော သင့်တင့်လျောက်ပတ်သည့် ပေါက်ဈေးနှုန်းများထက် အဆမတန် ကျော်လွန်သော ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဆန်ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်လာခြင်းသည် ဆန်ဈေးကစားမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။

ကုန်စည်ဈေးနှုန်းသည် ကုန်သည်များ၏ လက်ဝယ်တွင်သာရှိသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ အချို့အချို့သော ဆန်ကုန်သည်များအနေဖြင့် လက်ငင်းဝယ်လိုအားတက်နေမှုကို အခြေတည်၍ လွန်ကဲစွာ သိုလှောင်ခြင်း၊ စေတနာမမှန်သောသူအချို့နှင့် လက်ဝါးချင်းရိုက်ပြီး ဆန်ဈေးနှုန်းတက်ရိပ်ခြေကို ဖန်တီးခြင်း၊ လွန်ကဲသော ဝိသမလောဘဖြင့် သင့်တင့်လျောက်ပတ်သော ဈေးနှုန်းထက် အဆမတန် မြှင့်တင်ရောင်းချခြင်းများနှင့် နိုင်ငံတွင်ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို အခွင့်ကောင်းယူအသုံးချခြင်းများအပါအဝင် ဆောင်ရွက်မှုများမှာ နိုင်ငံတစ်ဝန်းရှိ ဆန်ကိုအဓိကစားသုံးကြသော ပြည်သူလူထုတစ်ရပ်လုံးအပေါ် စေတနာမထားခြင်းတို့မှာ ပေါ်လွင်နေပါသည်။ ပြည်သူများအပေါ် "ဘယ်သူသေသေ ငတေမာရင်ပြီးရော" စိတ်ဓာတ်မျိုးမထားရှိသင့်ပါ။


ကုန်သည်များအားလုံးကို မဆိုလိုပါ။ အချို့အချို့သော ဆန်ကုန်သည်ကြီးများအပြင် အခြားကုန်သည်များအနေဖြင့် ဆန်၊ ဆီအပါအဝင် အခြေခံစားကုန်များ ပုံမှန်အခြေအနေရှိနေသော်လည်း ရန်ကုန်အပါအဝင် အချို့ဒေသများတွင် အခြေခံစားကုန်များ အဆမတန်ဈေးနှုန်းမြင့်တက် ရောင်းချနေမှုများသည် ကုန်ပစ္စည်းများ ပြတ်လပ်မှုကြောင့်မဟုတ်ဘဲ ဝိသမလောဘစိတ်ဖြင့် လုပ်ကိုင်ခြင်းဆိုလျှင် မဖြစ်သင့်၊ မလုပ်သင့်ပါ။ သဘာဝဘေးကြုံတွေ့ခဲ့ရသော ယခုလိုကာလမျိုး၌ စားသုံးသူပြည်သူများအပေါ် ကိုယ်ချင်းစာတရားလက်ကိုင်ထားပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် သမ္မာအာဇီဝ စိတ်ရင်းစေတနာကောင်းဖြင့် လုပ်ကိုင်ကြမှသာ ဆန်ဈေးနှုန်းအပါအဝင် အခြားစားသောက်ကုန် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာပြီး ပြည်သူများ စိတ်အေးချမ်းသာမည်ဖြစ်ပါကြောင်း။ ။

> **သင်္ကြန်နီးလို့၊ ကျောင်းဖွင့်တော့မည်ဖြစ်လို့၊ လစာတိုးလို့၊ မုန်တိုင်းလာမှာမို့လို့၊ ရေကြီးနေလို့၊ လမ်းပိတ်နေလို့ စသည်စသည့် ထူးထူးခြားခြား အကြောင်းကိစ္စများသာမက ကောလာဟလများ၊ သတင်းစကားအမျိုးမျိုးဖြစ်ပေါ်မှုကြောင့် ကုန်ဈေးနှုန်းများ တက်လာသည်မှာ လက်ခံနိုင်ဖွယ်မရှိပါ။**

# စိုက်ပျိုးရေး၊ မွေးမြူရေး ဓာတ်ခွဲခန်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ အင်းစိန်ကြို့ကုန်းရှိ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေး ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ရှိသူများက စိုက်ပျိုးရေးထွက်ကုန်များ၏ ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးခြင်း၊ အဆိပ်သတ္တုများစစ်ဆေးခြင်း၊ မှိုအဆိပ်များ စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစားအစာဘေးကင်းလုံခြုံရေးသည် ပြည်တွင်းစားသုံးသူများအတွက် သက်တမ်းစေ့ ကျန်းမာပျော်ရွှင်စွာ ရှင်သန်နေထိုင်နိုင်ရေးသာမက ပို့ကုန်များ၏ တန်ဖိုးနှင့် ပြည်ပဈေးကွက် အာမခံချက်ရရှိရေးနှင့်လည်း တိုက်ရိုက်ပတ်သက်နေပါကြောင်း၊ စားရေရိက္ခာဖူလုံပိုလျှံရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့်အတူ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် စားသောက်ကုန်များထုတ်လုပ်နိုင်ရေးအတွက် စတင်စိုက်ပျိုးသည်မှ ထုတ်လုပ်မှုအဆင့်တိုင်းတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်ရမည်ဖြစ်၍ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းနှင့် ကျွမ်းကျင်သူပညာရှင်များ တိုးပွားလာရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်လမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေး စစ်ဆေးရေးဌာနစုသို့ ရောက်ရှိပြီး တိရစ္ဆာန်အစာအာဟာရတန်ဖိုး၊ အဆိပ်အတောက်ပါဝင်မှု ဓာတ်ကြွင်းပါဝင်မှု စစ်ဆေးခြင်း၊ တိရစ္ဆာန်ဆေးဝါးကုန်ကြမ်း၊ ကုသဆေး၊ ဗီတာမင်နှင့် သတ္တုဓာတ်များ၊ ပိုးသတ်ဆေး၊ မှိုတားဆေးများကို ဓာတ်ခွဲစစ်ဆေးခြင်း၊ ပြည်တွင်း၊ ပြည်ပ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ စစ်ဆေးခြင်း စသည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တိရစ္ဆာန်အစာနှင့် ဆေးဝါးအရည်အသွေး စစ်ဆေးရေးဌာနစု တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးကဏ္ဍမြင့်တက်စေရေးအတွက် နိုင်ငံတော်က ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ပေးနေမှု၊ ပညာရှင်များအပိုင်းက ခေတ်မီနည်းပညာများ တိုးတက်အသုံးပြုနိုင်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဓာတ်ကြွင်း ပစ္စည်းကင်းစင်သော မွေးမြူရေးထွက်ကုန် စားသောက်ပစ္စည်းများ ထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရန် မိမိတို့၏ ပညာရပ်နှင့် အတွေ့အကြုံများကို အခြေခံသော မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအတွက် အကျိုးရှိစေမည့် အကြံကောင်းနည်းလမ်းကောင်းများကို ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများထံ ဖြန့်ဝေပေးနိုင်ရေးကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့တွင် ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယမန်နေ့ နံနက်ပိုင်းက ယင်းမြို့ရှိ Old Tatar Sloboda သို့ အခြားဧည့်သည်တော်များနှင့်အတူ သွားရောက်လေ့လာကြသည်။

**ဆွေးနွေးဖလှယ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီး H.E. Mr. Sergey Sergeevich Kravstov က IT Park ၌ ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ရာ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း နိုင်ငံအသီးသီးမှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များက ၎င်းတို့၏ အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများနှင့် အမြင်များကို ဆွေးနွေးဖလှယ်၍ ပြောကြားကြသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Shaping the Future ဆိုသည့် ခေါင်းစဉ်သည် မိမိတို့၏ လူ့အဖွဲ့အစည်းများနှင့် ကမ္ဘာကြီးကိုပုံဖော်ရာတွင် ပညာရေးသည် အဓိကအခန်းမှ ပါဝင်နေသည်ကို သတိပေးနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးတိုင်း အနည်းဆုံး KG+9 ပြီးမြောက်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေပါကြောင်း၊ KG+9 ပြီးမြောက်သည့် ကျောင်းသားများအနေဖြင့် ခရိုင် ၅၀ တွင် ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပါကြောင်း၊ နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ကမ္ဘာ့အဆင့်မီသင်ရိုးများဖြင့် သင်ကြားသည့် တက္ကသိုလ်များက အရည်အချင်းပြည့်ဝသည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် မိတ်ဖက်တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လိုပါကြောင်း၊ အနာဂတ်ပညာရေးသည် မူဝါဒချမှတ်သူများ၊ ပညာပေးဝေသူဆရာများ၊ မိဘများနှင့် ကျောင်းသားများ၏ လက်ထဲတွင် ရှိပါကြောင်း၊ အဆိုပါအစုအဖွဲ့များသည် လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာကြီး၏အနာဂတ်ပညာရေးကို ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍက ပါဝင်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပညာရေးဝန်ကြီး Sergey Sergeevich Kravstov က တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Pashmir Restaurant ၌ တည်ခင်းဧည့်ခံသည့် နှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခိုလမ်မြို့ နမ့်ဟူးဂူကျေးရွာတွင် ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

**လွိုင်လင် ဇွန် ၁၀**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းသည် ဇွန် ၁၀ ရက် နံနက် ၈ နာရီက နမ့်စန်မြို့နယ် ခိုလမ်မြို့ နန့်ဟူးဂူကျေးရွာတွင်ပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ မန်ဂျန်ရှားပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။



အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သစ်ပင်စိုက်ပျိုးပွဲကို ခိုလမ်-မိုင်းနောင် ကားလမ်းဘေးရှိ နမ့်ဟူးဂူကျေးရွာတွင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးမှုသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေပြီး ရာသီဥတုဖောက်ပြန်မှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်တားဆီးရန် အထောက်အပံ့ဖြစ်စေကြောင်း၊ အနာဂတ်အတွက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ရရှိစေရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စိုက်ပျိုးမည့်ပျိုးပင်များကို တိုင်းမှူး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းတို့က ပေးအပ်ကြရာ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီတို့က လက်ခံရယူကြသည်။

ဆက်လက်၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုပြုလုပ်ရာ တိုင်းမှူးက အမြင့်သုံးပေရှိ မန်ဂျန်ရှားပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ ယင်းနောက် တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ပြည်သူလူထု စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နမ့်ဟူးဂူကျေးရွာတွင် မန်ဂျန်ရှားပင် ၁၀၀၊ မျောက်ငိုပင် ၁၀၀၊ ယူကလစ်ပင် ၂၀၀ နှင့် ရေသင်းဝင်ပင် ၁၀၀ စုစုပေါင်းသစ်ပင် ၅၀၀ တို့ကို တပ်မတော်မှအရာရှိများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအဖွဲ့အား ကြိုဆို

**နေပြည်တော် ဇွန် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအသင်းသည် ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများ၊ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲမှ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ ဒုတိယဥက္ကဋ္ဌများ၊ နည်းပြ၊ အုပ်ချုပ်သူ ၄၄ ဦး၊ အားကစားသမား ၈၂ ဦး စုစုပေါင်း ၁၂၆ ဦး ပြန်လည်လိုက်ပါလာသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအသင်းမှ ရေကူးအားကစားနည်းတွင် အမျိုးသား ၁၀ ဦး၊ ပြေးခုန်ပစ်အားကစားနည်းတွင် အမျိုးသား/အမျိုးသမီး ၂၅ ဦး၊ အလေးမအားကစားနည်းတွင် အမျိုးသား/အမျိုးသမီး ခုနစ်ဦး၊ ဘော်လီဘောအားကစားနည်းတွင် အမျိုးသား ၁၂ ဦး၊ ဂိုးလ်ဘောအားကစားနည်းတွင် အမျိုးသား ခြောက်ဦး၊ စစ်တုရင်အားကစားနည်းတွင် အမျိုးသား ခြောက်ဦး၊ စားပွဲတင်တင်းနစ်အားကစားနည်းတွင် အမျိုးသား နှစ်ဦး၊ ဘောလုံးအားကစားနည်းတွင် အမျိုးသား ၁၄ ဦး စုစုပေါင်း ၈၂ ဦး ပါဝင်ယှဉ်ပြိုင်သည်။

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ရက်အထိ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအသင်းမှ ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၃ ခု၊ ကြေးတံဆိပ် ၁၀ ခု၊ ပြေးခုန်ပစ်အားကစားနည်းတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု၊ ဂိုးလ်ဘောအားကစားနည်းတွင် ကြေးတံဆိပ် တစ်ခု၊ စစ်တုရင်အားကစားနည်းတွင် ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ၅၆ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆) ရရှိခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

---

❒ ကျောဖုံးမှ

ယခုပြပွဲနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)ဥက္ကဋ္ဌ ဦးဝင်းဌေးက "လက်ရှိအချိန်မှာ မန္တလေးအလယ်ပိုင်းဒေသက အပူချိန်တွေကလည်း မြင့်တက်နေတဲ့အတွက် လောင်စာစွမ်းအင်ကို လျှော့ချဖို့ စဉ်းစားနေတဲ့အချိန်မှာ နိုင်ငံတော်ကလည်း EV Carတွေ၊ E Bike တွေနဲ့ ဆိုလာစွမ်းအင်တွေကို အားပေးနေတဲ့အပြင် အခွန်တွေ လျှော့ချပေးတဲ့အတွက် ကျွန်တော်တို့က ဒီပွဲလေးကို မဖြစ်မနေကျင်းပမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။

ဒီပြပွဲလေးမှာ လောင်စာစွမ်းအင်နဲ့ပတ်သက်တဲ့ကိစ္စတွေ၊ အစိမ်းရောင်စွမ်းအင်နဲ့ပတ်သက်တဲ့ကိစ္စတွေ၊ EV Car တွေနဲ့ပတ်သက်တဲ့ အသိပညာတွေ၊ ဆိုလာနဲ့ပတ်သက်တဲ့အသိပညာတွေကို ဟောပြောပို့ချတဲ့သင်တန်းတွေရှိတဲ့အတွက် လာရောက်လေ့လာနားထောင်စေချင်တယ်။ ကျွန်တော့်တို့ပြည်သူတွေ အသိပညာရမယ့်အပြင် ရွေးချယ်ဝယ်ယူနိုင်တဲ့ အခွင့်အလမ်းတွေလည်းရှိပါတယ်။ ဝယ်ယူခွင့်ရရှိနိုင်အောင်လည်း AYA Bank နဲ့ ချိတ်ဆက်ပြီး အရစ်ကျစနစ်နဲ့ နှစ်ရှည်ဝယ်ယူခွင့်တွေလည်း လုပ်ပေးနိုင်အောင် စီစဉ်ထားပါတယ်"ဟု ပြောသည်။

ထို့အပြင် EV Myanmar Groupတည်ထောင်သူ ဦးကျော်ကျော်ထွန်းကလည်း " ဒီနေ့ပွဲလေးကတော့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးသော ဆိုလာနဲ့ ဆိုလာဆက်စပ်ပစ္စည်းတွေ၊ လျှပ်စစ်မော်တော်ယာဉ် (EV Car)၊ လျှပ်စစ်မော်တော်ဆိုင်ကယ် (E Bike) တွေအပြင် ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ အားသွင်းစက်တွေကိုပြတဲ့ ပြပွဲဖြစ်ပါတယ်။ ကျွန်တော်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ရယ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရယ်၊ ဒါကိုနိုင်ငံတော်ကို ဦးဆောင်တဲ့သူတွေကလည်း အားပေးတယ်။ မြန်မာနိုင်ငံနဲ့ကမ္ဘာမှာ စွမ်းအင်လိုအပ်ချက်ကကြီးမားပါတယ်။ အဲဒါကို ကျွန်တော်တို့က ဓာတ်ဆီအစားထိုးလောင်စာအနေနဲ့ ပိုပြီးတော့ လူတွေအတွေ့အကြုံ ဗဟုသုတရလာအောင်၊ ရလာပြီး အသုံးပြုတဲ့အခါမှာလည်း ကျွန်တော်တို့က ဈေးနှုန်းသက်သာစွာနဲ့ရော နှစ်ရှည်ပေးတဲ့စနစ်တွေနဲ့ ဝယ်ယူသုံးစွဲလို့ရနိုင်အောင် ဒီပွဲက အားလုံးပူးပေါင်းဆောင်ရွက်ပေးတဲ့ပွဲဖြစ်ပါတယ်။ ပြသရုံသက်သက် မဟုတ်ဘူး။ အသိပညာပေးတဲ့အဖွဲ့တွေကလည်း အချိန်ပိုင်းနဲ့အမျှ ဒီနှစ်ရက်အတွင်းမှာ ဟောပြောပွဲတွေပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လျှပ်စစ်မော်တော်ယာဉ် အသွင်ကူးပြောင်းရေးကို နယ်ရော၊ မြို့ပါပရိသတ်တွေ အတော်များများက လက်ခံလာကြပြီ"ဟု ပြောသည်။



မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)မှ ဦးစီးကျင်းပသော Green Energy Fair 2023 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ Mandalay Convention Center ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ MRCCI ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် Eelectric Vehicle လျှပ်စစ်သုံး (EV) မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းသည့် ကုမ္ပဏီများမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြပွဲတွင် EV Car အမျိုးအစားအမျိုးမျိုး၊ E bike၊ ဆိုလာ၊ ဆိုလာနှင့် တွဲဖက်အသုံးပြုနိုင်သော ဆက်စပ်ပစ္စည်းအစုံအလင်နှင့် အရည်အသွေးကောင်းပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုရွေးချယ်ဝယ်ယူနိုင်သည့်အပြင် Talk Show အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်း– မောင်အေးချမ်း**
**ဓာတ်ပုံ– Ai(Mdy)**

---

# နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ပေါင်းလောင်းချောင်းဘေးရှိ ရေခေါ်မြောင်း၊ ရေယူအဆောက်အအုံနှင့် ရေစက်ရုံလျှပ်စစ်ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၀**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဦးမောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်သည့် ကျည်တောင်ရွာအနီး ပေါင်းလောင်းမြစ်ဘေးရှိ ပေါင်းလောင်းရေပေးရေးစီမံကိန်းမှ ရေခေါ်မြောင်း၊ ရေယူအဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်စစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က ယခု တည်ဆောက်ပြီးစီးသည့် လုပ်ငန်းများသည် နေပြည်တော် တိုးချဲ့ရေပေးဝေရေး (ပေါင်းလောင်း) စီမံကိန်း၏ အစပထမဆုံး အခြေခံကျသည့် လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျဖြင့် ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်နိုင်မှသာ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ သက်ဆိုင်ရာကုမ္ပဏီများမှ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် ဆက်လက်ဆောင်ရွက်ရန်လိုသည့် အပြီးသတ်လုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မြောင်းမြမြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြောင်းမြ ဇွန် ၁၀**

မြောင်းမြမြို့ ဂုန်နီစက်ရုံဝင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်မောင်မြင့်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပျိုးပင်များကို တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်သူများက ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၂၀၀၊ မန်ကျည်းပင် ၆၀၀တို့အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဝေဝေ(မြောင်းမြ)**



## မေတ္တာရှင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံ သွားရောက်ကြည့်ရှု



တောင်ကြီး ဇွန် ၁၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူတို့သည် ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ကံသာရပ်ကွက်ရှိမေတ္တာရှင်ကုသိုလ်ဖြစ်ဆေးရုံသို့သွားရောက်ကြည့်ရှုသည်။

ဆေးရုံတွင် မျက်စိခွဲစိတ်မည့်ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး မျက်စိခွဲစိတ်ပြီးသော ဆရာတော်၊ သံဃာတော်နှင့် ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က မျက်မှန်များတပ်ဆင်ပေးကြ၍ ဆေးရုံအတွက် အလှူငွေများပေးအပ်လှူဒါန်းကြပြီး ခွဲစိတ်ခန်းအတွင်း မျက်စိခွဲစိတ်နေမှုကို ကြည့်ရှုကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကို သွားရောက်ကြည့်ရှုရာ ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဆရာတော် သံဃာတော်များ၊ ကိုရင်လေးနှင့် သီလရှင်များကို ကြည့်ရှုအားပေးစကားပြောကြား၍ နဝကမ္မအလှူငွေများ ဆက်ကပ်ပြီး ဆေးရုံနှင့် ဆွမ်းအာဟာရအတွက် အလှူငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ပေးအပ်လှူဒါန်းရာ ဆေးရုံတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

ချောင်းဆုံ ဇွန် ၁၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကိုပလိုင်ဝမ်းကျေးရွာ ရွှေကျင်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ယနေ့ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိစေရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်လာစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ စိုက်ပျိုးရန်လိုကြောင်း ပြောကြားပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သစ်ပင်စိုက်ပျိုးခဲ့ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မန်ဂျန်ရှား၊ မဟော်ဂနီ၊ ကျွန်း၊ သက်န်း၊ ရင်ခတ်၊ ငုရွှေဝါ၊ ပျဉ်းမ စသည့် သစ်မျိုးခုနစ်မျိုး၊ ပျိုးပင်စုစုပေါင်း ၁၀၀၀ ခန့်ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

မကွေး ဇွန် ၁၀

မကွေးတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍ ယနေ့နံနက် ၇ နာရီက မကွေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးကြိုကာလ၊ မိုးဦးကာလတို့တွင် ဆောင်ရွက် ပေးနေခြင်းသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် ပြည်သူလုထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ပေးရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ငါးခု ၂၁၈၆၁ ဧက ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောနယ်မြေ ဧရိယာသည် တိုင်းဒေသကြီး စုစုပေါင်းဧရိယာ၏ ၂၆ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ ကြွယ်ဝသည့်သစ်တောသယံဇာတ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ပြီး နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် စနစ်တကျ အကျိုးရှိရှိအသုံးပြုနိုင်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ပြုစုထူထောင်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဖွဲ့ဝင်များ၊ တပ်နယ်ဆိုင်ရာပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ခရေ၊ သစ်နှင်းဆီ၊ ရေတမာ၊ စန္ဒကူး၊ ပိတောက်၊ ဆီသပြေ၊ မည်စည်၊ ကျွန်း၊ ငုစပ်၊ ငုရွှေဝါ၊ ငုချယ်ရီ၊ ပျဉ်းကတိုး၊ စွယ်တော်၊ ထိုင်ဝမ်ဗာဒံ၊ ထိုင်ဝမ်ခရေ၊ ဖျောက်ဆိပ်၊ ကသစ်၊ သရက်၊ ပန်းမဲ့ဇလီ၊ ကုက္ကို၊ စိန်တံခြူ၊ ထန်း၊ ယင်းမာ၊ ဆီး၊ တမာ၊ ဆီးဖြူ၊ ယူကလစ်၊ ပန်းတမာပင် စသည့် သစ်မျိုး ၃၀၊ စုစုပေါင်းပျိုးပင် ၁၀၀၀ကို စိုက်ပျိုးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## အမှတ်(၂) ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ ၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

ဘားအံ ဇွန် ၁၀

မြန်မာနိုင်ငံ သစ်တောများပြန်လည်ထူထောင်ရေး ၁၀ နှစ်စီမံကိန်းအရ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များပူးပေါင်းပါဝင်လာပြီး သစ်တောသစ်ပင်များကို ကိုယ်တိုင်ကိုယ်ကျ စိတ်ဝင်စားစွာဖြင့် စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းစောင့်ရှောက်လာစေရန် ရည်ရွယ်၍ ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ အမှတ်(၂) ဘိလပ်မြေစက်ရုံ တန် ၄၀၀၀ ၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက်ပိုင်းက လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပွဲတော်တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မျက်မှောက်ကာလသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဆိုးကျိုးကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် မျက်မြင်တွေ့ကြုံခံစားနေရသည့် အချိန်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ဟန်ပြမဟုတ်ဘဲ စံပြစိုက်ပျိုးပြသရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂) ဘိလပ်မြေစက်ရုံတန် ၄၀၀၀ စက်ရုံမှူးကြီးအား သစ်ပင်များဖြန့်ဝေပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ တန် ၄၀၀၀ စက်ရုံမှဝန်ထမ်းများ စုစုပေါင်းအင်အား ၆၀၀ ခန့်သည် မဟော်ဂနီ၊ ကျွန်း၊ စိန်းပန်းနီ စုစုပေါင်းပျိုးပင် ၇၈၁ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထိုသို့ စုပေါင်းစိုက်ပျိုးမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)ရှိ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၁၀

တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကျောင်းသုံးပစ္စည်းနှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အခြေခံစားကုန် စုစုပေါင်း ၂ ဒသမ ၃ တန်ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။



သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၉၃ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၂၇၆ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပျော်ဘွယ် ဇွန် ၁၀

ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ ၂၀၂၃ ခုနှစ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၈ နာရီတွင် ပေကုန်းကျေးရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်နှင့် အဖွဲ့ဝင်များ၊ ရမည်းသင်းခရိုင်သစ်တောဦးစီးမှူး ဦးသိန်းသန်းကျော်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဦးတို့က သစ်ပင်စိုက်ပျိုးပေးကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ပျိုးပင်များ ပေးအပ်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မဲဇလီ၊ ပိတောက်၊ ယင်းမာ၊ စိန်ပန်း၊ ကုက္ကို၊ ပျဉ်းမ၊ ယူကလစ်၊ စစ်၊ သပြေဘူတ စသည့်ပျိုးပင် ၃၀၀ ကို သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးပေးခဲ့ကြပြီး စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးလိုသူများရှိပါက မြို့နယ်သစ်တောဦးစီးဌာနရုံး ပျိုးဥယျာဉ်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်\ဆက်)**



# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင်ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေခြင်းနှင့်မြို့အဝင်ကားလမ်းတစ်လျှောက် အုန်းပင်စိုက်ပျိုးနိုင်ရေးအတွက် စုပေါင်းမြေနေရာရှင်းလင်းဆောင်ရွက်နေခြင်းတို့ကို ကြည့်ရှုအားပေးသည်။ ယင်းနောက် မုန်တိုင်းသင့်ပြည်သူများအား ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂိုဒေါင်ရှေ့၌ မုန်တိုင်းသင့်ပြည်သူများအား အမိုးသွပ်၊ တာပေါ်လင်လိပ်၊ ဆန်နှင့် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ရသေ့တောင်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်၊ တာပေါ်လင်လိပ်များနှင့် ဆွမ်းဆန်များအား ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ကလေး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သစ်တောဦးစီးဌာနမှ ဒေသတွင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောသစ်ပင်များကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ဆည်တော်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန့်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးမည့်ပျိုးပင်များကို ဒေသကွပ်ကဲရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဝင်းတို့က ကျေးရွာတာဝန်ခံ၊ ကျောင်းအုပ်ကြီး၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာပြည်သူများထံ အထိမ်းအမှတ်သစ်ပင်များပေးအပ်ခဲ့ကြပြီး သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါစုပေါင်းသစ်ပင်စိုက်ပွဲသို့ ဒေသကွပ်ကဲရေးမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပိတောက်ပင် ၁၅၀၊ ကုံ့ကော်ပင် ၁၅၀၊ သဘော်တည်ပင် ၁၀၀၊ ခရေပင် ၁၀၀ စသည့် ပျိုးပင်ပေါင်း ၅၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



နေပြည်တော် ဇွန် ၁၀

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ/စစ်သည်/မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**■ အားကောင်းသောမုန်တိုင်း**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ၁၁-၆-၂၀၂၃ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက် နံနက်က ပုံဂံပုံကြီးကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းပေါ်တွင်ပြုလုပ်ရာ ပျိုးပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ဧရာဝတီတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ပုသိမ်တက္ကသိုလ်၌ ကျင်းပ

**ပုသိမ် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်တက္ကသိုလ်ဝင်း၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ တာဝန်ရှိသူများသည် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီအစရှိသည့် သစ်ပင်၊ ပန်းပင် ၁၈ မျိုးမှ ပျိုးပင်ပေါင်း ၁၅၅၅ ပင်အား စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးပြီး ပိတောက်ဝါဆောင်နှင့် ချယ်ရီဆောင်များအတွက် ပိတောက်ပင်နှင့် ချယ်ရီပင်များ အမှတ်တရစိုက်ပျိုးကြသည်။ ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေများအား လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ် ၃/ရန်ပြေခြင်းလုံးအားကစားရုံ၌ ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က အဖွဲ့ချုပ်၏လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

"ခြင်းလုံးခတ်ကစားတယ်ဆိုတာက လွန်ခဲ့တဲ့ပျူခေတ်ကတည်းက ခတ်ကြတယ်လို့ သမိုင်းတွေအရ သိရပါတယ်။ ဒါပေမဲ့ အဲဒါက ဝါသနာအရ၊ ကျန်းမာရေးအရ ခတ်ကြတာပဲ များပါတယ်။ အားကစားတစ်ခုအနေနဲ့ စတင်ဆောင်ရွက်ခဲ့တာက ၁၉၅၃ ခုနှစ် အဖွဲ့ချုပ်စတင်တည်ထောင်ခဲ့တဲ့အချိန်ဖြစ်လို့ အဲဒီနှစ်ကို အထိမ်းအမှတ်အနေနဲ့ သတ်မှတ်ပြီး အခုလိုမျိုး ဂုဏ်ယူစွာကျင်းပရခြင်းဖြစ်ပါတယ်"ဟု နှစ်(၇၀)ပြည့်အထိမ်းအမှတ်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က ပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက အသက်(၇၅)နှစ်အထက် ခြင်းလုံးအားကစားသမားများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ရိုးရာခြင်းလုံးအလှခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ခြင်းလုံးလောကတိုးတက်စေရန် ပြိုင်ပွဲများကျင်းပသွားရန် စီစဉ်နေပြီး ဒိုင်နှင့် နည်းပြသင်တန်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိုးရာသီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ကျင်းပသွားရန်လည်း စီစဉ်နေကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-လင်းရာမ**



# ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်မျိုးသန့်က ကလေးအလုပ်သမားအဓိပ္ပာယ်၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေပြဋ္ဌာန်းချက်နှင့်ပြစ်ဒဏ်များ၊ ကလေးသူငယ်များအား လုပ်ကိုင်ခွင့်မပြုသည့် နေရာများ၊ ကလေးသူငယ်များအား ခိုင်းစေခြင်း မပြုရမည့်အလုပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ စက်ရုံ၊ အလုပ်ရုံများမှ မန်နေဂျာများ၊ စက်ရုံလုပ်သားများ တက်ရောက်ကြပြီး တက်ရောက်လာသူများအား ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အုတ်ဖိုမြို့၌ ကြွပ်ကြွပ်အိတ်သုံးစွဲမှုမရှိစေရေး လှုပ်ရှားမှုပြုလုပ်

**အုတ်ဖို ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် စည်ပင်သာယာအဖွဲ့ပိုင်ဈေးများတွင် ဇွန် ၉ ရက် နံနက်ပိုင်းက ကြွပ်ကြွပ်အိတ်သုံးစွဲမှုမရှိစေရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုပြုလုပ်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်နှင့် ဝန်ထမ်းများက ကြွပ်ကြွပ်အိတ်မသုံးစွဲရေး အသိပညာပေးစည်းရုံးလှုံ့ဆော်ခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါအစီအစဉ်အား အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ထားကြောင်းနှင့် ကြွပ်ကြွပ်အိတ်အစား စက္ကူ၊ စက္ကူအိတ်၊ အင်ဖက်၊ ဘူး၊ ချိုင့်တို့ဖြင့် အစားထိုးအသုံးပြုကြရမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**



○ မြန်မာ ယူ-၂၀ မှ

ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခံစစ်ဦးစားပေးကစားခဲ့သဖြင့် တရုတ်အသင်းက စိတ်ကြိုက်ဖိကစားနိုင်ခဲ့ပြီး ရှစ်မိနစ်တွင် လူကျာယုက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း အခွင့်အရေးအချို့ ပြန်ရသော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၃၅ မိနစ်နောက်ပိုင်းတွင် ဂိုးများထပ်ပေးခဲ့ရသည်။ ဒုတိယပိုင်းတွင်လည်း တရုတ်အသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၆၉၊ ၇၄ မိနစ်တွင် ရှောင်ကျန်ယီက သွင်းယူခဲ့သည်။

အုပ်စု(ခ)ပွဲစဉ်များအပြီးတွင် တရုတ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ တရုတ်(တိုင်ပေ)အသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာအသင်းသည် လေးမှတ်ရသော်လည်း တရုတ်(တိုင်ပေ)နှင့် ဂိုးကွာခြားချက်နည်းသဖြင့် အဆင့် ၃ နေရာရောက်ပြီး သုံးပွဲစလုံးအရေးနိမ့်ခဲ့သည့် နီပေါအသင်းနှင့်အတူ ခြေစစ်ပွဲမအောင်မြင်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဇွန် ၁၂ ရက်တွင် ကျရောက်မည့် ကလေးအလုပ်သမားပပျောက်ရေးနေ့ အထိမ်းအမှတ်(အကြို) ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရအောင်က ကလေးအလုပ်သမားဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များ၊ အလုပ်သမားဥပဒေရေးရာ အချက်အလက်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ညွန့်နွယ်စိုးက အလုပ်သမားများ လုပ်ငန်းခွင်အတွင်း နစ်နာမှုမရှိစေရေး ဥပဒေများအရ ကာကွယ်ပေးထားမှုများနှင့် အလုပ်သမားဆိုင်ရာ ရပိုင်ခွင့်များအား တက်ရောက်လာသော စက်ရုံ၊ အလုပ်ရုံအသီးသီးမှ ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။


ထို့နောက် တက်ရောက်လာသော စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ကလေးအလုပ်သမားဆိုင်ရာ နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များအား စိတ်ဝင်စားစွာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ရုရှားနိုင်ငံက ဥရောပလက်နက်ကိုင်အဖွဲ့များ သဘောတူစာချုပ်မှ နိုဝင်ဘာ ၇ ရက်တွင် နုတ်ထွက်မည်



**မော်စကို ဇွန် ၁၀**

ရုရှားနိုင်ငံသည် ယခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ဥရောပရှိ လက်နက်ကိုင်အဖွဲ့များဆိုင်ရာ သဘောတူစာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၉ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံသည် အဆိုပါသဘောတူစာချုပ်မှ နုတ်ထွက်မည့် ၎င်း၏ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ စာချုပ်တွင် ပါဝင်သည့် နိုင်ငံများအားလုံးအား အသိပေးထားပြီး ယင်းသို့အသိပေးထားပြီးနောက် ရက်ပေါင်း ၁၅၀ အတွင်း စာချုပ်မှ နုတ်ထွက်မှု အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ပါလီမန်၏ ခွင့်ပြုချက်ဖြင့် ဥရောပလက်နက်ကိုင်အဖွဲ့များဆိုင်ရာ သဘောတူစာချုပ်အား ရှုတ်ချသည့် ဥပဒေတစ်ရပ်ကို ပြီးခဲ့သည့်လအတွင်းက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဥရောပ လက်နက်ကိုင်အဖွဲ့များဆိုင်ရာ သဘောတူစာချုပ်ကို မူလက ၁၉၉၀ ပြည့်နှစ်တွင် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် ဝါဆောစာချုပ်ပါ နိုင်ငံခြောက်နိုင်ငံတို့က သဘောတူလက်မှတ်ရေးထိုးပြီး ၁၉၉၂ ခုနှစ်တွင် ယင်းသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါစာချုပ်သည် နှစ်ဖက်တပ်များ စုဆောင်းခွင့်ပြုထားသည့် လက်နက်နှင့် စစ်လက်နက်ပစ္စည်းများ ပမာဏအပေါ် ကန့်သတ်ချက်များ သတ်မှတ်ခြင်းဖြင့် စစ်ဘက်မဟာမိတ် နှစ်ရပ်အကြား ဟန်ချက်ညီစေရန် ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကိုလံဘီယာနိုင်ငံ အမေဇုန်တောအတွင်းပျက်ကျခဲ့သည့် လေယာဉ်ငယ်တစ်စင်းပေါ်လိုက်ပါခဲ့သည့် ကလေးငယ်လေးဦးကို ရက်ပေါင်း ၄၀ အကြာ အသက်ရှင်လျက်ပြန်လည်တွေ့ရှိ

**ဘိုဂိုတာ ဇွန် ၁၀**

ကိုလံဘီယာနိုင်ငံ အမေဇုန်တောအတွင်း ပြီးခဲ့တဲ့လက ပျက်ကျခဲ့သည့် လေယာဉ်ငယ်တစ်စင်းပေါ်တွင် စီးနင်းလိုက်ပါလာသည့် ကလေးငယ်လေးဦးကို ရက်ပေါင်း ၄၀ အကြာမှာ အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ပြန်လည်တွေ့ရှိခဲ့**

ကိုလံဘီယာတပ်ဖွဲ့ဝင်များသည် လေယာဉ်ပျက်ကျသည့်နေရာကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ကလေးငယ်လေးဦးကို အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကလေးငယ်များမှာ အသက် ၁၃ နှစ်၊ ကိုးနှစ်၊ လေးနှစ်နှင့် တစ်နှစ်အရွယ်တိုင်းရင်းသားကလေးငယ်များဖြစ်ကြောင်း သိရသည်။

လေယာဉ်သည် မေ ၁ ရက်က ကိုလံဘီယာနိုင်ငံတောင်ပိုင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ကလေးမိခင်နှင့် လေယာဉ်မှူးအပါအဝင် အရွယ်ရောက်ပြီးသူ သုံးဦး သေဆုံးလျက်ရှိကြောင်း သိရသည်။

တပ်မတော်သားများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်သားများက ပျောက်ဆုံးလျက်ရှိသည့် ကလေးငယ်များကို လေယာဉ်ပျက်ကျသည့် အပိုင်းအစများအနီးဝန်းကျင်တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကလေးငယ်များကို ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ထားသည်။ ရေဓာတ်ခန်းခြောက်ခြင်းနှင့် အင်းဆက်ပိုးမွှားကိုက်ခံရခြင်းတို့ကို ခံစားခဲ့ရသော်လည်း ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ်ရှိသော အခြေအနေတွင် မရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ကိုလံဘီယာသမ္မတ ဂူစတာဗို ပီထရိုက ၎င်းတို့၏ ရှင်သန်မှုသည် နိုင်ငံတစ်ခုလုံးအတွက် ပျော်ရွှင်စရာဖြစ်သည်ဟု ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**







# ယခုတစ်ပတ်အတွင်း အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည်ပေါင်း ၂၆၄၃ ဦး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် ဇွန် ၁၀**

အီရန်နိုင်ငံမှ စစ်ဘေးရှောင်အာဖဂန်ဒုက္ခသည်ပေါင်း ၂၆၀၀ ကျော်သည် ယခုရက်သတ္တပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**ပြန်လည်ရောက်ရှိ**

ဇွန် ၈ ရက်တွင်ကုန်ဆုံးခဲ့သည့် ရက်သတ္တပတ်အတွင်း စစ်ဘေးရှောင်အာဖဂန်ဒုက္ခသည် ၂၆၄၃ ဦးသည် အီရန်နိုင်ငံမှ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှစပြီး အီရန်နိုင်ငံမှ နေရပ်သို့ပြန်လည်ရောက်ရှိလာသူပေါင်း ၆၀၀၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး ဒုက္ခသည် အဆိုပါအရေအတွက်သည်လည်း ပါကစ္စတန်နိုင်ငံ၌ နေထိုင်လျက်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်အစိုးရက နိုင်ငံရပ်ခြားတွင် နေထိုင်လျက်ရှိသည့် အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ရန်နှင့် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြရန် တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**အူလန်ဘာတာ ဇွန် ၁၀**

တရုတ်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံများအကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(၁၆)ကြိမ်မြောက် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များဆိုင်ရာ စီးပွားရေးဆွေးနွေးပွဲအား ယနေ့တွင် တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်၍ အူလန်ဘာတာမြို့တွင် ကျင်းပခဲ့သည်။ တရုတ်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်ရေးမှာ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီ၏ အရေးကြီးသည့် လုပ်ငန်းဖြစ်ပြီး မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံများမှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီ၏ တာဝန်ရှိသူ ဇန်ရှီဂန်က မှတ်ချက်ပြုသည်။

မိမိတို့သုံးနိုင်ငံသည် အရေးကြီးသည့်ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြောင်း မွန်ဂိုလီးယားကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူ အမက်တဗ်ရှင်က ရှင်းလင်းပြောကြားသည်။

တရုတ်၊ မွန်ဂိုလီးယားနှင့် ရုရှားနိုင်ငံများအကြား အကျိုးတူစီမံကိန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူ ဆာဂျီကာတိုင်ရင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဆွီဒင်နိုင်ငံက နေတိုးအဖွဲ့သို့ဝင်ရောက်ရန် အသင့်ရှိကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီး ပြောကြား

**စတော့ဟုမ်း ဇွန် ၁၀**

ဆွီဒင်နိုင်ငံသည် နေတိုးအဖွဲ့ဝင်နိုင်ငံများတွင် ပါဝင်ရန် အဆင်သင့်ရှိပါကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီး ပါလ်ဂျွန်ဆန်က ပြောကြားသည်။

နေတိုးအဖွဲ့ဝင်လျှောက်လွှာကို ဇူလိုင်လတွင် ပြုလုပ်မည့် နေတိုးအဖွဲ့၏ ထိပ်သီးအစည်းအဝေးမတိုင်မီ အတည်ပြုနိုင်မည်ဖြစ်ကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီး ပါလ်ဂျွန်ဆန်က ပြောကြားသည်။

ဆွီဒင်သည် ယမန်နှစ်မေလတွင် နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့သော်လည်း ဆွီဒင်နိုင်ငံက တူရကီနိုင်ငံမှခွဲထွက်ရန် ကြိုးပမ်းလျက်ရှိသည့် ကာ့ဒ်စစ်သွေးကြွများကို ထောက်ခံလျက်ရှိကြောင်း နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံက ထောက်ပြပြောကြားသည့်အတွက် နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုလုပ်ငန်းစဉ်သည် ကြန့်ကြာလျက်ရှိသည်။

နေတိုးအဖွဲ့က ၎င်း၏အဖွဲ့ဝင်ဖြစ်ရန်အတွက် ကြိုတင်လိုအပ်ချက်တစ်ခုအဖြစ် အကြမ်းဖက်မှုတန်ပြန်ရေးအစီအမံများကို ထိထိရောက်ရောက်ဆောင်ရွက်ရန် ဆွီဒင်နိုင်ငံကို တောင်းဆိုထားသည်။

ဆွီဒင်သည် မကြာသေးမီက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေသစ်ကို အကောင်အထည်ဖော်ခဲ့ကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီးပါလ်ဂျွန်ဆန်က ဇွန် ၇ ရက်တွင် တိုကျိုမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

တူရကီနှင့် နောက်ထပ် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း လာမည့်သီတင်းပတ်အစောပိုင်းတွင်ပြုလုပ်ရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ဇူလိုင် ၁၁ ရက်တွင် လစ်သူယေးနီးယားနိုင်ငံ မြို့တော် ဗီလ်းနီးယား၌ ကျင်းပမည့် နေတိုးထိပ်သီးအစည်းအဝေးမတိုင်မီ အဖွဲ့ဝင်အဖြစ် ခွင့်ပြုခွင့်ရရှိရန်ကိုလည်း မျှော်လင့်ထားကြောင်း ၎င်းကဆိုသည်။

အထူးသဖြင့် ကာကွယ်ရေးနယ်ပယ်တွင် ဆွီဒင်သည် ဂျပန်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ရည်မှန်းထားကြောင်းလည်း ဝန်ကြီး ပါလ်ဂျွန်ဆန်က ပြောကြားသည်။ ဆွီဒင်နိုင်ငံ၏ တိုက်လေယာဉ်များနှင့် ရေငုပ်သင်္ဘောနှစ်မျိုးလုံးကို ဒီဇိုင်းဆွဲကာ တည်ဆောက်နိုင်မှုကို ဝန်ကြီးပါလ်ဂျွန်ဆန်က မီးမောင်းထိုးပြခဲ့သည်။

ထိုကဲ့သို့သော နယ်ပယ်များတွင် ဆွီဒင်နှင့် ဂျပန်တို့ကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မျှော်လင့်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး (၃)လွှာရှိ အခွန်ဌာနတွင် အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် Brave Eagle အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

ဇွန် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၄) ရပ်ကွက် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး (၃)လွှာရှိ ကုမ္ပဏီများဆိုင်ရာအခွန်ဌာန အများပြည်သူများ ထိုင်ရန်ပြုလုပ်ထားသည့် စတီးထိုင်ခုံများဘေးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အခွန်ဌာနမှ ဝန်ထမ်း ငါးဦးနှင့် ပြည်သူတစ်ဦးတို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။


အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖမ်းဆီးရမိရေးအတွက် မြေပြင်သတင်းဖော်ထုတ်မှုများအရ တရားခံသည် ဇွန် ၅ ရက် မွန်းလွဲပိုင်းတွင် ပန်းဆိုးတန်းလမ်းပေါ်မှ အခွန်ဦးစီးမှူးရုံးသို့ နီ/ညိုရောင်လက်ဆွဲအိတ်နှင့် စက္ကူဖိုင်တစ်ခုတို့ကို ကိုင်ဆောင်ကာ ဝင်ရောက်လာခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် တတိယထပ်ရှိ စတီးထိုင်ခုံ၌ နှစ်မိနစ်ခန့်ထိုင်၍ လက်ဆွဲအိတ်ကို ထိုင်ခုံဘေးတွင်ချထားကာ အဝေးမှ ရီမုဖြင့် ဖောက်ခွဲခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာနေရာဝန်းကျင်တွင် စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်၍ အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရီမုမိုင်း ဖောက်ခွဲခဲ့သည့် တရားခံသည် ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနှင့် ဗိုလ်သူရလမ်းပေါ်ရှိ တိုက်အမှတ်(၂၇) (၂)လွှာ အခန်း(B)တွင် နေထိုင်ကြောင်း သိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး တိုက်ခန်းအတွင်း လက်ပစ်ဗုံး လေးလုံး၊ လက်လုပ်ဗုံး တစ်လုံး၊ တရားခံ အသုံးပြုခဲ့သည့် အင်္ကျီနှင့် ပုဆိုးတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံသည် အဆိုပါ တိုက်ခန်းအား အိမ်ခြံမြေပွဲစားမှတစ်ဆင့် ၂၀၂၃ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ တစ်လလျှင် ကျပ် နှစ်သိန်းခွဲဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း သိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က ဇွန် ၈ ရက် ညနေပိုင်းတွင် ငှားရမ်းနေထိုင်သူ **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**အား ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**၏ ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်ရှိ အောင်သပြေ(၃)ဟိုတယ် အခန်းအမှတ်(၂၁၇)တွင် ပြည်တွင်းအခွန်များဦးစီးမှူးရုံး၌ ရီမုမိုင်းထောင်ဖောက်ခွဲခဲ့သည့် တရားခံ **အောင်မြင့်မြတ်(ခ) ပြည့်ဖြိုးအောင် (ခ) Mood** နှင့် **ခနနောင်ဝင်း (ခ) ရှိုင်းထက်ကိုကို(ခ) Roke** တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များဦးစီးမှူးရုံး (၃)လွှာရှိ အခွန်ဌာနတွင် အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် Brave Eagle အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား**




ဖမ်းဆီးရမိတရားခံ **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် လှိုင်မြို့နယ် (၃) ရပ်ကွက် တိုက်အမှတ်(၁၀) အခန်း(၇)၌ တရားခံ **ကျော်စည်သူ(ခ)Jack** အား ဖမ်းဆီးရမိခဲ့ပြီး **ကျော်စည်သူ(ခ)Jack**၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက် ညနေပိုင်းတွင် ဒေါပုံမြို့နယ် သဘော်ကျင်း(၈)လမ်း အထက် တိုက်အမှတ်(၇၂) အခန်းအမှတ်(3A)တွင် အကြမ်းဖက်လုပ်ငန်းများတွင်ပါဝင်သော တရားခံ **အောင်ခန့်ပိုင်(ခ) ဝီလီယံ**အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် လက်လုပ်မိုင်းဖောက်ခွဲခဲ့သည့် တရားခံ ကျား ငါးဦးနှင့်အတူ လက်ပစ်ဗုံး လေးလုံး၊ လက်လုပ်ဗုံး တစ်လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရာခံများ၏ ထွက်ဆိုချက်အရ တရားခံ **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**သည် ၂၀၂၂ ခုနှစ် ဇွန် ဒုတိယပတ်တွင် Dark Shadow အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါက** အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် STF အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ နွေနွေ၊ ယသော်တို့နှင့် ချိတ်ဆက်ပေးခဲ့ကြောင်း၊ ၎င်းတို့က ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည့် လက်နက်/ခဲယမ်းနှင့်ငွေကြေးများ ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ **စာမျက်နှာ ၁၅ သို့❖**





၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် အလုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့် ယာဉ်ထိန်းရဲရုံးအနီး ရီမုမိုင်းဖောက်ခွဲမှုကြောင့် သေဆုံး/ ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ။



ရဲလင်းအောင်(မစိုးရိမ်ရ)



မဖြိုးမွန်ခိုင်(မစိုးရိမ်ရ)



မအိမွန်ခိုင်(မစိုးရိမ်ရ)



ဝေယံဦး(မစိုးရိမ်ရ)



မအေးပြည့်ပြည့်ဇော်(ခ)
ပပဝင်း(သေဆုံး)



မပပ(မစိုးရိမ်ရ)



ဝေဖြိုးမောင်(မစိုးရိမ်ရ)



မစိုးစန္ဒာဝင်း(မစိုးရိမ်ရ)



ထက်အောင်လင်း(မစိုးရိမ်ရ)



စည်သူစိုး(မစိုးရိမ်ရ)



ထက်မြတ်အောင်(မစိုးရိမ်ရ)




၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်းရှိ စမ်းချောင်းမြို့နယ် တရားရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




၂၀၂၂ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာ၌ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာ၌ လက်ပစ်ဗုံးဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။



၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်ဝင်းအတွင်း၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များ ဦးစီးမှူးရုံး အပေါ်ထပ် (၃)လွှာ စတီးထိုင်ခုံများအနီး၌ ရီမုမိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❖ **စာမျက်နှာ ၁၄ မှ**

၂၀၂၂ ခုနှစ် ဇူလိုင် ပထမပတ်တွင် ဖမ်းဆီးရန်ကျန် တရားခံ **နွေနွေ** ၏ ခိုင်းစေမှုဖြင့်ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် Brave Eagle အမည်ခံအကြမ်းဖက်အဖွဲ့အား **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း** ခေါင်းဆောင်၍ **ကျော်စည်သူ(ခ)Jack၊ ခနေနောင်ဝင်း(ခ) ရှိုင်းထက်ကိုကို (ခ)Roke၊ အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင်(ခ)Mood၊ အောင်ခန့်ပိုင် (ခ) ဝီလီယံ**တို့ အပါအဝင် အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Brave Eagle အမည်ခံ အကြမ်းဖက်အဖွဲ့အနေဖြင့် ရန်ကုန်မြို့နယ်အတွင်း၌ အကြမ်းဖက်ဖောက်ခွဲမှု ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း–

❖ ၂၀၂၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း**က အလုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရာတွင် **အောင်မြင့်မြတ် (ခ) ပြည့်ဖြိုးအောင် (ခ)Mood** နှင့် **ခနေနောင်ဝင်း (ခ) ရှိုင်းထက်ကိုကို(ခ) Roke** တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇူလိုင် ၁၂ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ နွေနွေ၏ စေခိုင်းမှုဖြင့် **ကျော်စည်သူ(ခ)Jack** က စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့်၊ ယာဉ်ထိန်းရဲရုံးအနီး ရီမုမိုင်းဖြင့် ဖောက်ခွဲရာတွင် **အောင်မြင်သူ (ခ) အောင်လှိုင်ဝင်း၊ အောင်မြင့်မြတ် (ခ)ပြည့်ဖြိုးအောင် (ခ)Mood** နှင့် **ခနေနောင်ဝင်း(ခ) ရှိုင်းထက်ကိုကို(ခ)Roke** တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဇူလိုင် ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါ** ၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း** နှင့် **ကျော်စည်သူ (ခ) Jack** တို့ နှစ်ဦးသည် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်းရှိ စမ်းချောင်းမြို့နယ် တရားရုံးအား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရာတွင် **အောင်မြင့်မြတ် (ခ) ပြည့်ဖြိုးအောင် (ခ)Mood ၊ ခနေနောင်ဝင်း(ခ) ရှိုင်းထက်ကိုကို(ခ)Roke** နှင့် **အောင်ခန့်ပိုင် (ခ) ဝီလီယံ**တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ဩဂုတ် ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါ**၏ စေခိုင်းမှုဖြင့် **ကျော်စည်သူ (ခ)Jack** သည် တောင်ဥက္ကလာပမြို့နယ် မြို့နယ်လျှပ်စစ်ရုံးအား မိုင်းထောင်ဖောက်ခွဲရာတွင် **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ချမ်းငြိမ်းသူ(ခ)ပန်ဒါ** ၏ စေခိုင်းမှုဖြင့် **အောင်မြင်သူ(ခ)အောင်လှိုင်ဝင်း** သည် ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရုံး ယာဉ်ရပ်နားသည့်နေရာအား လက်လုပ်မိုင်း၊ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် **အောင်မြင့်မြတ်(ခ) ပြည့်ဖြိုးအောင် (ခ) Mood၊ ခနေနောင်ဝင်း (ခ) ရှိုင်းထက်ကိုကို (ခ) Roke၊ ကျော်စည်သူ(ခ)Jack** နှင့် **အောင်ခန့်ပိုင်(ခ) ဝီလီယံ**တို့က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

❖ မေ ၉ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင့်မြတ်(ခ) ပြည့်ဖြိုးအောင် (ခ) Mood** သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ဝင်းအတွင်း၌ လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့သည့်အတွက် သိမ်းဆည်းသွားခဲ့ကြောင်း။

❖ ဇွန် ၅ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ **နွေနွေ**၏ စေခိုင်းမှုဖြင့် **အောင်မြင့်မြတ်(ခ)ပြည့်ဖြိုးအောင် (ခ)Mood** သည် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း ပြည်တွင်းအခွန်များ ဦးစီးမှူးရုံး၏ အပေါ်ထပ်(၃)လွှာ ကုမ္ပဏီများဆိုင်ရာအခွန်ဌာန အများပြည်သူများ ထိုင်ရန်ပြုလုပ်ထားသည့် စတီးထိုင်ခုံများဘေးတွင် ရီမုမိုင်းချထားခဲ့ပြီး **ကျော်စည်သူ (ခ)Jack** က အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲရာတွင် **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း၊ ခနေနောင်ဝင်း (ခ)ရှိုင်းထက်ကိုကို (ခ) Roke၊ အောင်ခန့်ပိုင်(ခ)ဝီလီယံ**တို့က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် ဖမ်းဆီးရမိ တရားခံ **အောင်မြင်သူ(ခ) အောင်လှိုင်ဝင်း**သည် ဖမ်းဆီးရန်ကျန် တရားခံ **ချမ်းငြိမ်းသူ(ခ) ပန်ဒါ**၏ ချိတ်ဆက်ပေးမှုဖြင့် ဖမ်းဆီးရန်ကျန် တရားခံပြေး NLD ပါတီဝင်ဟောင်း **မျိုးရန်နောင်သိမ်း** ထံမှ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ဝယ်ယူရန် ငွေကျပ်သိန်း ၅၀ အားရရှိခဲ့ကြောင်း၊ ယင်းငွေများကို ပစ္စတိုသေနတ်ဝယ်ယူရန် **ချမ်းငြိမ်းသူ (ခ) ပန်ဒါ**ထံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မိုင်းထောင်ဖောက်ခွဲမှုများ ဆောင်ရွက်ရာတွင် ဖမ်းဆီးရန်ကျန် တရားခံ **နွေနွေနှင့် ချမ်းငြိမ်းသူ(ခ)ပန်ဒါ** တို့ နှစ်ဦးမှ ငွေကြေး ထောက်ပံ့ပေးလျက်ရှိပြီး လက်လုပ်မိုင်းဖောက်ခွဲမှု တစ်ကြိမ်လျှင် ဖောက်ခွဲသူအား ငွေကျပ် တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ အခြေအနေကြည့်ရှုပေးသူအား ငွေကျပ် သုံးသောင်းနှုန်းဖြင့် လည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

Brave Eagle အမည်ခံအကြမ်းဖက်အဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဗဟန်းမြို့နယ် Mytel တာဝါတိုင်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအား မိုင်းထောင်ဖောက်ခွဲရန် စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးမှူးရုံး အပေါ်ထပ် (၃)လွှာ စတီးထိုင်ခုံများအနီး၌ ရီမုမိုင်းဖြင့် ဖောက်ခွဲခဲ့သည့်ဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ။



မဖြိုးဖြိုးအောင်(မစိုးရိမ်ရ)



မအဥ္ဇန(မစိုးရိမ်ရ)



မမြတ်မှူးခင်(မစိုးရိမ်ရ)



မဆုနှင်းဦး(မစိုးရိမ်ရ)




မနန်းချယ်ရီ(မစိုးရိမ်ရ)



ဒေါ်ခင်အေးဝင်း(မစိုးရိမ်ရ)

ဝတ္ထုတို

# မှားသွားတဲ့ အမှန်တရား




## ■ ချစ်မင်း(မြစ်သား)

(၁)

သတင်းတစ်ခုက ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာတယ်။ ကောင်းသတင်းတော့မဟုတ်။ မကောင်း သတင်း။ သတင်းဆိုး။

အဖေ ရုတ်တရက်သွေးဆောင့်တိုးပြီး လှေကားပေါ်ကပြုတ်ကျလို့ ဆေးရုံ တင်လိုက်ရပြီတဲ့။ ခေါင်းမာလွန်းတဲ့ အဖေ။ သားတွေ၊ သမီးတွေရှေ့မှာ အိမ်ထောင်ဦးစီးပီသချင်လွန်းတဲ့ အဖေ။ ကျွန်တော်တို့ မောင်နှမသုံးယောက် ဘယ်လိုပဲတား,တား မရ။ မနက်မိုးလင်းပြီ ဆိုတာနဲ့ တူ၊ လွှ၊ သံလက် စတဲ့ ပန်းရန်၊ လက်သမားပစ္စည်းအစုံ သယ်ပြီး အလုပ် သွားတော့တာပဲ။

ကျွန်တော်တို့မိသားစု မချမ်းသာပါ။ စားနိုင်၊ သောက်နိုင်တဲ့ အဆင့်မှာပဲရှိ တယ်။ ကျွန်တော်က ဆန်ပွဲရုံမှာ ဆန်အိတ် ထမ်းတဲ့ အထမ်းသမား။ ညီမက စက်ချုပ် တယ်။ အငယ်ဆုံးညီက တက္ကသိုလ် အဝေးသင်တက်နေတဲ့ ကျောင်းသား။ အလုပ်လုပ်ရင်း ကျောင်းတက်တာ ဆိုတော့ ညီအငယ်ဆုံးရဲ့ ကျောင်းစရိတ်ကို အဖေလဲ ပူစရာမလို၊ ကျွန်တော်လဲ ထောက်ပံ့စရာ မလိုပါဘူး။

ဆိုတော့ကာ အိမ်စရိတ်အတွက် ကျွန်တော့်ရဲ့ဝင်ငွေ၊ ညီမရဲ့ စက်ချုပ်ခနဲ့တင် လုံလောက်ပါရဲ့။ ဒါကြောင့်လဲ အဖေ့ကို အိမ်မှာပဲ အေးအေးလူလူ အနားယူဖို့ ပြောတယ်။ ဒါပေမဲ့ အဖေက လက်မခံ။

"စားဖို့မပူရပေမဲ့ တုံးလုံးစာဆိုတာ ရှိသေးတယ်၊ နာမကျန်းဖြစ်ရင် ဘာနဲ့ သွားကုမလဲ၊ အလုပ်လုပ်နိုင်တဲ့ အချိန်ထိ လုပ်နေမှတော်ကာကျမှာကွ"

လျော်ကန်တဲ့ အကြောင်းပြချက်နဲ့ အဖေ ငြင်းဆန်မြဲ။ အခုတော့ မမျှော်လင့် ထားတဲ့ ကျန်းမာရေးကိစ္စက ပေါ်လာပြီ။ နှစ်ထပ်တိုက် လှေကားကနေ အဖေ လိမ့်ကျတယ်လို့ သတင်းကြားရတယ်။ ဒဏ်ရာက သေးမှာမဟုတ်။ လက်ကျိုး မလား၊ ခေါင်းကွဲမလား။ အသက်အန္တရာယ် များ စိုးရိမ်ရမလား။ အခြေအနေကို ဆေးရုံ ရောက်မှပဲ သိရတော့မယ်။

ဆေးရုံကို ချက်ချင်းလိုက်သွားလို့လဲ မဖြစ်သေး။ ပိုက်ဆံကလိုလာပြီ။ စုဆောင်း ထားတဲ့ ပိုက်ဆံကို ရေတွက်လိုက်တော့ တစ်သိန်းစွန်းရုံ။ ဘယ်လိုမှ မလောက်င နိုင်။ ဒီတော့ ရွာထဲမှာ ငွေတိုးချေးစားနေ တဲ့ ဒေါ်ပုမဆီ မျက်နှာငယ်လေးနဲ့ အောက်ကျို့ပြီး ချေးငှားရတော့တယ်။

(၂)

လိုအပ်တဲ့ ပိုက်ဆံပမာဏရပြီဆိုတော့ အိမ်ထဲက ဆိုင်ကယ်ကို အပြင်ထုတ်၊ ဆီ ရှိ၊ မရှိ စစ်ဆေး။ ဆိုင်ကယ်ပေါ်မှာ ရောက်နေတဲ့ ဖုန်မှုန့်တွေကို ပုဆိုးစုတ်နဲ့ ခပ်သွက်သွက်လေး ပွတ်သပ်လိုက်တယ်။

သွားခါနီး၊ လာခါနီးဆိုရင် အဖေ ပြောနေကျစကားက "ပစ္စည်းတစ်ခုကို ကိုယ်က ရိုရိုသေသေ၊ စည်းကမ်းရှိရှိကိုင်မှ အဲဒီပစ္စည်းက ကိုယ့်လက်ထဲမှာ အချိန် ကြာကြာရှိနေမှာပေါ့ကွ"တဲ့။ မှန်ပါတယ်။ အခုစီးနေတဲ့ ဆိုင်ကယ်က ၂၀၁၅ ခုနှစ်က ဝယ်ထားတဲ့ဘီး။ အခု ၂၀၂၃ တောင် ရောက်နေပြီ။ ကြီးကြီးမားမား ပျက်တယ် လို့ရယ်မရှိ။ အရောင်ကလဲ တောက်တောက် ပြောင်ပြောင်၊ အင်ဂျင်ကလဲ မာမှမာ။ အဖေ့ရဲ့စကားကို မြေဝယ်မကျနားထောင် တော့ ကျွန်တော့် ဆိုင်ကယ်လေးက ဟောင်းပေမဲ့ ကောင်းနေတုန်း။

ဆေးရုံကိုသွားတဲ့ လမ်းတစ်လျှောက် မှာ ညောင်ပင်၊ ထနောင်းပင်တွေ စီရရီ ရှိနေတယ်။ အရိပ်ကကောင်းတော့ နေပူတဲ့ အချိန် ခိုနားချင်စရာ။ အေးစိမ့်နေတာပဲ။ ဒါပေမဲ့ ဘယ်သူမှ အနားယူနေတာ မတွေ့ရဘူး။ ဘယ်တွေ့မလဲ။ ဟိုတစ်နေ့ ကတင် မိန်းမကြီးတစ်ယောက် ဒီလမ်းမှာ ဆိုင်ကယ်စီးရင်း ဆွဲကြိုးအဖြတ်ခံရလို့တဲ့။ ချစ်သူစုံတွဲ တစ်တွဲလဲ သနားစရာ။ သူတို့ဘာသာ ညောင်ပင်အောက်မှာ အေးအေးဆေးဆေး အနားယူနေတာကို ဓားထောက်ပြီး ဆိုင်ကယ်ရော ဖုန်းရော လုယူသွားတယ်တဲ့။ ကြားရတဲ့သတင်း တွေကလဲ ကောင်းတာကို မပါတော့ဘူး။

အခု ကျွန်တော်လဲ အဖေ့ကျန်းမာရေး ကိစ္စမို့ သွားသာသွားနေရတယ်။ ကျောက ခပ်ချမ်းချမ်း။

ဒါကြောင့်လဲ ချေးငှားလာတဲ့ ပိုက်ဆံ လေးကို ခါးပိုက်ထောင်ထဲမှာ သေချာလိပ် ပြီး ထည့်ထားရတယ်။ ပိုက်ဆံအိတ်တို့၊ လွယ်အိတ်တို့တော့ မလွယ်ရဲပေါင်။ တော်ကြာ သူခိုးက အထင်ကြီးပြီး ဆွဲဖြတ်၊ လုပြေးမှ ဟုတ်ပေ့ဖြစ်နေအုံးမယ်။

အဲဒီလိုမျိုး စိုးရိမ်စိတ်၊ ကြောက်ရွံ့ စိတ်တွေကို ရင်ဝယ်ပိုက်ပြီး ဆိုင်ကယ် မောင်းလာလိုက်တာ မြို့ကိုရောက်ဖို့ တောင် သိပ်မလိုတော့ဘူးရယ်။ အလွန် ဆုံး မောင်းရ လေး၊ ငါး၊ ဆယ်မိနစ်ပေါ့။

(၃)

"ဆိုင်ကယ်သူခိုးဗျို့၊ လုပြေးသွားလို့ ဝိုင်းဖမ်းပေးကြပါဗျို့"

လူသူမပြတ်လပ်တဲ့ မြို့ပေါ်မှာတောင် နေ့ခင်းကြောင်တောင်ကြီး လုနေကြပါ လား။ တော်တော်ရဲတင်းတဲ့ သူခိုး။ ကြားလိုက်ရတဲ့အသံက တစ်ယောက် တည်း အော်လိုက်တဲ့အသံမျိုးမဟုတ်။ အစုအဖွဲ့လိုက် အော်တဲ့အသံမျိုးဖြစ်မယ် ထင်။ ကျွန်တော်လဲ ကိုယ့်အပူနဲ့ကိုယ် ဆိုတော့ ရှေ့ကိုပဲ အာရုံစိုက်နေမိတယ်။ နောက်ကို လှည့်မကြည့်မိသေး။

"သူခိုးဗျို့၊ သူခိုး သူခိုး၊ ဝေါ ဝေါ"

အော်သံတွေရော ဆိုင်ကယ်သံတွေပါ ပီပီသသ ကြားနေရပြီ။ စပ်စုချင်တဲ့စိတ် ဖြစ်လာတာကြောင့် နောက်ကို လှည့်ပြန် လှည့်ကြည့်လိုက်တော့ ဝါးနှစ်ပြန်စာ လောက်မှာ ဆိုင်ကယ် လေး၊ ငါးစီး။ ဘယ် ဆိုင်ကယ်မှာ သူခိုးပါမှန်းကျွန်တော်မသိ။ နောက်ကို ကြာကြာကြည့်နေလို့လဲမဖြစ်။ လျှပ်တစ်ပြက် ကြည့်ပြီး ရှေ့ကိုပဲ အာရုံ စိုက်ပြီး ပြန်မောင်းနေရတယ်။

အနည်းငယ်မောင်းပြီးတဲ့နောက်

"ဒုတ်၊ ဝုန်း"

လမ်းဘေးကနေ လူတစ်ယောက် ထွက်လာပြီး သစ်သားပြားနဲ့ ကျွန်တော့် မျက်နှာကို ဖြတ်ရိုက်တော့တယ်။ ရုတ်တရက်ဆိုတော့ အငိုက်မိသွားတယ်။ ရှောင်ချိန်ပင်မရလိုက်။ ဆိုင်ကယ်က ကျောက်လမ်းပေါ်မှာ တရွတ်တိုက်ပါ သွားတယ်။ အရိုက်ခံလိုက်ရတော့ ခေါင်းတစ်ခုလုံးလဲ ချာချာလည်အောင် မူးလို့။ ဆိုင်ကယ်လဲလို့ ရတဲ့ဒဏ်ရာကလဲ ဒူးတွေ၊ ပေါင်တွေ၊ လက်တွေမှာ အနှံ့။ ကျွန်တော် ကြိုးစားပြီး ကုန်းရုန်းထလိုက် တော့ ခေါင်းက မိုက်ခနဲ၊ မိုက်ခနဲ မူးဝေ သွားတယ်။

"ဒီကောင်ပဲ၊ ဒီကောင်၊ သူခိုးကောင်"

ရိုက်လိုက်တဲ့လူက ကျွန်တော့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး စွပ်စွဲတယ်။ ကျွန်တော့်နောက်က ဆိုင်ကယ်သမား တွေလဲ ရောက်လာတယ်။ အနီးအနားက လူတွေလဲ အော်သံကြားလို့လား၊ ဆိုင်ကယ်လဲသံ ကြားလို့လားမသိ ဝိုင်းအုံ လာကြတယ်။ အဲဒီနောက် စိတ်ဆတ်ပုံ ရတဲ့ လူတစ်ယောက်က

"သူခိုးက ဒီကောင်လား"

"ဟုတ်တယ်"

"ဟုတ်ရင်ဆော်ကွာ"

"မ..မ..ဟုတ်..."

ကျွန်တော် သူခိုးမဟုတ်တဲ့အကြောင်း ရှင်းပြမလို့ အားယူတုန်းရှိသေး။ ဘာမ ပြော၊ ညာမပြောနဲ့ ဝိုင်းပြီးထိုးကြ၊ ကြိတ်ကြ၊ ကန်ကျောက်ကြတော့တယ်။ ခဏကြာမှ...

"ဟေ့ကောင်တွေ တော်ကြတော့၊ တော်ကြတော့ဟ၊ ဒီခွေးသူခိုး မသာ ပေါ်သွားအုံးမယ်၊ သွားကြရအောင်"

ခုနက ကျွန်တော့်ကို သစ်သားတုတ်နဲ့ ရိုက်လိုက်တဲ့လူနဲ့ သူခိုးဆိုပြီး အော်လိုက် လာတဲ့ လူတွေကတော့ ကျွန်တော့် ဆိုင်ကယ်ကို ယူပြီးစီးသွားတော့တယ်။ ကျွန်တော်လဲ အရိုက်ခံ၊ အထိုးခံထားရလို့ ခပ်မြော့မြော့ပဲ ကျန်တော့တယ်။ ကျွန်တော့် ဘေးနားမှာတော့ လူလေး၊ ငါးယောက် ကျန်ရှိနေသေး။ သူတို့ရဲ့မျက်နှာအမူအရာ တွေကတော့ စိတ်မကောင်းဖြစ်နေကြတဲ့ ပုံစံတွေပါပဲ။

"ဘာလို့ သူများဆိုင်ကယ်ကို ခိုးရတာ လဲ ငါ့တူရယ်၊ ဦးလေးတို့ရောက်လာလို့ပေါ့၊ မဟုတ်ရင် ဝိုင်းထိုးတာနဲ့ နေရာမှာတင် အသက်ထွက်လောက်တယ်"

"ကျွန်တော် မခိုးပါဘူးဗျာ၊ သက်သက် မဲ့ ဂွင်ဆင်ပြီး ကျွန်တော့်ဆိုင်ကယ်ကို ယူသွားတာ"

"ဟင်၊ ဘယ်လို၊ ဟုတ်လို့လား"

ယုံကြည်သလို၊ မယုံကြည်သလို အသံ တွေက ရှေ့ဆင့်၊ နောက်ဆင့် ထွက်ပေါ် လာတယ်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်အဖေ ဆေးရုံ ရောက်နေလို့ သွားတာဗျ၊ မရှိတဲ့ သူခိုးကို အရှိလုပ်၊ နောက်ကနေ အုပ်စု လိုက် သူခိုး သူခိုးလို့အော်၊ ပြီးတော့ သူတို့အဖွဲ့ထဲက တစ်ယောက်က ရှေ့က နေ ကြိုစောင့်နေမယ်၊ ကျွန်တော့်ကို ရိုက်တဲ့လူက ခုနကအော်ဟစ်ပြီးလိုက်လာ တဲ့ လူတွေနဲ့ လိုက်သွားပြီလေ၊ အဖေ့ကို စိတ်ပူနေပါတယ်ဆိုမှဗျာ၊ အခုတော့ အခု တော့ဗျာ၊ ဦးလေးတို့ မယုံရင်လဲ ဒီမှာ ကြည့်၊ အဖေ့အတွက် ချေးလာတဲ့ပိုက်ဆံ တွေ"

လုံးစေ့ ပတ်စေ့ရှင်းပြပြီး ခါးပုံစထဲက ပိုက်ဆံတွေထုတ်ပြလိုက်တော့မှ သူတို့ မျက်နှာမှာ ယုံကြည်တဲ့ အရိပ်အယောင် တွေ ထင်ဟပ်လာတယ်။

"ဟာကွာ၊ တော်တော်ယုတ်မာကြ ပါလားဟ၊ ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး၊ စိတ်မကောင်းလိုက်တာ ငါ့တူရာ"

"ထားလိုက်ပါတော့ ဦးလေးရယ်၊ ဝဋ်ကြွေးရှိလို့ပေးဆပ်ရတယ်လို့ပဲ မှတ်ပါ တယ်၊ လောလောဆယ် ကျွန်တော့်ကို တစ်ခုလောက်ကူညီပေးပါလား"

"ပြောပါ၊ ဦးလေးတို့ တတ်နိုင် သလောက် ကူညီပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ဆေးရုံ လိုက်ပို့ပေးပါလား၊ ကျွန်တော့်အဖေလဲ ကျွန်တော့်ကို မျှော်နေလောက်ပြီ"

"ရတာပေါ့၊ လိုက်ပို့ရမှာပေါ့"

(၄)

ဖြစ်ပျက်ပုံတွေက လျင်မြန်လွန်း တယ်။ အိမ်က ထွက်လာတုန်းက အကောင်းပကတိ ဘာဒဏ်ရာမှမရှိ။ ပြုတ်ကျလို့ လူနာဖြစ်သွားတဲ့ အဖေ့ကိုပဲ ပူပန်ကြောင့်ကြခဲ့ရတယ်။ အခုတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးစိုးရိမ်နေရတဲ့ အခြေအနေ။ တွေးကြည့်ရင်လဲ ရင်နာ စရာ။ "သူခိုးက လူပြန်ဟစ်တယ်" ဆိုတဲ့ စကားနဲ့ မိမိအဖြစ်က တစ်ထေရာတည်း ထပ်တူကျလို့နေတယ်။

ဆေးရုံရောက်နေတဲ့အဖေ့ကို ပတ်တီး အဖွေးသားနဲ့ မြင်ရ၊ မမြင်ရတော့မသိ။ ကျွန်တော့်ခန္ဓာကိုယ်မှာတော့ ပတ်တီး အဖွေးသားက ရောက်မှာမလွဲ။ တော်တော် လေးလဲ တအံ့တသြဖြစ်မိပါတယ်။ မခိုး တဲ့လူကိုကျတော့ သူခိုးလို့မြင်ကြတယ်။ ခိုးတဲ့လူကိုတော့ လူကောင်းလို့မြင်ကြ ပြန်ရော။

သြော် လောက၊ လောက၊ လောက ကြီး။ လောကကြီးထဲက လူတွေ တယ်လဲခက်တယ်။ တစ်ခါတလေမှာ မိမိဘယ်လောက်ပဲ မှန်နေ၊ မှန်နေ၊ အကွက်ကျကျစီစဉ်ပြီး လုပ်ကြံလာလေ တော့ အများအမြင်မှာ အမှန်တောင် အမှားဖြစ်ရတော့တယ်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့ တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေး အချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူး ပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူ နိုင်ပါသည်။

စာတည်းအဖွဲ့

## အလှဖွေရှာ လူ့ပြည်ရွာ

❖ လူ့ဘဝ ကြေးမုံပြင်
ကြည့်တတ်လျှင် မြင်နေရ။
သုံးပါးကံ လုံအောင်ထိန်းလျှင်ဖြင့်
ငြိမ်းချမ်းမည်ပ။

❖ လူ့လောကီ ဘုံဌာန
ကြုံဆုံကြ မလွဲပါ
ရဟတ်ပမာ။

❖ တကွေ့ကွေ့ တွေ့ရမှာ
အရာရာ မတည်မြဲ။
ကောင်းမှုကို ချစ်မြတ်နိုး
တန်ဖိုးတို့ကဲ။

❖ အသိဉာဏ် တူယှဉ်တွဲ
ငါစွဲလည်း ရှောင်ရမယ်။
လူ့ပြည်ရွာ အကျိုးတွက်
ထမ်းရွက်ကြကွယ်။

❖ မကောင်းမှု စွန့်ကာပယ်
သံသရာနယ် လွတ်မြောက်ရေး။
ပြည်ခေမာ သောင်ကမ်းသို့
တက်လှမ်းစို့လေး။ ။

မောင်လူစိုး

## အလှမျိုးစုံလင် ကျောင်းဥယျာဉ်

❖ ကျောင်းတော်အလှ မြင်တွေ့ရ
တင့်တယ်လှပေစွ၊
ခေါင်းလောင်းသံက အမြဲလေ
နားဝင်ချိုလှပေ။

❖ အဖြူစိမ်းလေးတွေ ဝတ်ဆင်မြန်း
စာသင်ကျောင်းသို့လှမ်း၊
အနာဂတ်ပန်း လှစေချင်
ပညာသင်ဖို့ပင်။

❖ အသိအမြင် တိုးတက်ရေး
သေချာသင်ကြားပေး၊
ဆရာမေးတဲ့ သင်ခန်းစာ
ကိုယ်တိုင်လုပ်ကြည့်ပါ။

❖ အဖြေထွက်လာ ပျော်ရွှင်ကြ
ယုံကြည်မှုတွေရ၊
စွမ်းအားပြည့်ဝ တို့လူငယ်
ခေတ်နှင့်အညီကွယ်။

❖ ရည်ရွယ်ချက်တွေ ကိုယ်စီထား
စာကြိုးစားစို့လား။
ပန်းတိုင်အရောက်သွား။ ။

ဖိုးပြည့်(ပတ္တမြား)

ဆောင်းပါး

# သူတစ်ပါးအမြင်နှင့် ဘဝကို မရှင်သန်ပါနဲ့

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

ကျွန်တော်တို့အားလုံး အခက်အခဲ အကျပ်အတည်းကြားမှာ ရုန်းကန်လှုပ်ရှားလျက် ဘဝကို တိုးတက်မြင့်မားအောင် ဆောင်ရွက်နေကြရပါသည်။ ထို့သို့ကြိုးစားကြရာတွင် ပတ်ဝန်းကျင်ရှိ လူအများက အမြင်အမျိုးမျိုးဖြင့် ဝေဖန်ပုတ်ခတ်နေသော စကားသံများကိုလည်း နေ့စဉ်ကြားနေကြရပါသည်။

ထိုသို့သော ဝေဖန်ပုတ်ခတ်မှုများမှာ ကျွန်တော်တို့ဘဝကို ဖျက်ဆီးရန် အလွယ်ကူဆုံး ဗျူဟာတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ဝေဖန်ပုတ်ခတ်သောစကားသံများကို သတိရှိစွာ ရှောင်ရှားတတ်ရန် အရေးကြီးပါသည်။ ထို့အပြင် နေ့စဉ်ကြားနေရသော ဝေဖန်ပုတ်ခတ်မှုများကို အားအင်တစ်ခုအဖြစ် အသုံးချလျက် ဘဝကို ရှေ့ဆက်ကြရန် အထူးလိုအပ်ပါသည်။

ကျွန်တော်ဖတ်ဖူးသော ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါသည်။ တစ်ခါက ဖားတစ်အုပ် အစာရှာထွက်လာရင်း ဖားနှစ်ကောင် ရေတွင်းပျက်ထဲ ကျသွားပါသည်။ ထို့အခါ ဖားတစ်ကောင်က ရေတွင်းထဲမှ အပေါ်သို့ရောက်ရန် တက်လာပါသည်။ ဖားတက်လာသည်ကို မြင်သောအခါ ကုန်းပေါ်ရှိ ဖားများက "သေမယ့်အတူတူ ကုန်းပေါ်ရောက်မှာလည်းမဟုတ်ဘဲ အပင်ပန်းခံပြီး တက်မလာပါနဲ့ကွာ" လို့ ဝိုင်းအော်ကြပါသည်။ ထိုအော်သံများကို ကြားသောအခါ ဖားလည်း စိတ်ပျက်အားလျော့လိုက်ကာ ရှေ့ဆက်မသွားဘဲ ရပ်နေလိုက်ပါသည်။ ထိုအခါ ဖားငယ်မှာ ရေတွင်းထဲပြုတ်ကျသေသွားပါတော့သည်။

ဒုတိယဖားငယ်တစ်ကောင် တက်လာသောအခါတွင်လည်း ပထမဖားငယ်ကဲ့သိုပင် အော်ပြန်သည်။ သို့သော် ဒုတိယဖားငယ်မှာ အော်သံများကို ကြားသော်လည်း ဂရုမစိုက်ဘဲ ကုန်းပေါ်ရောက်အောင် တက်လာခဲ့လေသည်။ ထိုအခါ ဖားအုပ်ကြီးက အံ့ဩပြီး "သေမယ့်အတူတူ အပင်ပန်းခံပြီး မတက်လာဖို့ လှမ်းအော်တာ မကြားဘူးလား" လို့ မေးကြပါသည်။ ဖားငယ်က "မသိပါဘူးကွာ ငါကမင်းတို့ ဝိုင်းအော်နေတဲ့ စကားသံတွေက ငါ့ကို အားပေးနေတယ်ထင်ပြီး ရေတွင်းပေါ်ရောက်အောင် တက်လာတာ"လို့ ပြန်ပြောလိုက်ပါသည်။

ပထမဖားသည် ကုန်းပေါ်ရှိ ဖားများ၏ စကားသံ၊ ဝေဖန်သံကို ကြောက်ရွံ့ပြီး သူတစ်ပါးအမြင်နှင့် ဘဝကို အရှုံးပေးလိုက်ခြင်း ဖြစ်ပါသည်။ ဒုတိယဖားသည် ကုန်းပေါ်ရှိ ဖားများ၏စကားသံကို အားအင်တစ်ခုအဖြစ် အသုံးချကာ မခံချင်သောစိတ်ဖြင့် ကုန်းပေါ်ရောက်အောင် တက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ဘဝအတွက် အလုပ်များ လုပ်ဆောင်ကြရာတွင် တစ်ခါတစ်ရံ၌ ဒုတိယဖားငယ်ကဲ့သို့ ပတ်ဝန်းကျင်၏ဝေဖန်ပုတ်ခတ်သောစကားသံများကို မကြားချင်ယောင်ဆောင်သင့်ပေသည်။ ထို့အတူ ဝေဖန်ပုတ်ခတ်သော စကားသံများကို အားအင်တစ်ခုအဖြစ် အသုံးချတတ်ရန်လည်း လိုအပ်ပါသည်။

ကျွန်တော်တို့ နေ့စဉ်ဆက်ဆံနေရသော သူများထဲတွင် ပတ်ဝန်းကျင်ကို အလေးထားလွန်းသော လူများစွာကို မကြာခဏ တွေ့ရပါသည်။ ထိုသူများမှာ "ငါဒီလိုလုပ်လိုက်ရင် ငါ့ကို ဘယ်လိုထင်သွားကြမလဲ၊ ဒီလိုပြောလိုက်ရင် ငါ့ကိုဘယ်လို မြင်သွားကြမလဲ" စသည်ဖြင့် နေ့စဉ်နှင့် အမျှ သူများအမြင်တွေကို လိုက်ကြည့်ပြီး ပင်ပန်းနေကြရသူများဖြစ်

ကျွန်တော်တို့ နေ့စဉ်ဆက်ဆံနေရသော သူများထဲတွင် ပတ်ဝန်းကျင်ကို အလေးထားလွန်းသော လူများစွာကို မကြာခဏ တွေ့ရပါသည်။ ထိုသူများမှာ "ငါဒီလိုလုပ်လိုက်ရင် ငါ့ကို ဘယ်လိုထင်သွားကြမလဲ၊ ဒီလိုပြောလိုက်ရင် ငါ့ကိုဘယ်လို မြင်သွားကြမလဲ" စသည်ဖြင့် နေ့စဉ်နှင့်အမျှ သူများအမြင်တွေကို လိုက်ကြည့်ပြီး ပင်ပန်းနေကြရသူများ ဖြစ်ပါသည်။ ဤသို့သောသူများသည် တစ်ပါးသူ၏ အမြင်ဖြင့် မိမိဘဝကို ရှင်သန်နေထိုင်ကြသူများဟု ဆိုရပေလိမ့်မည်။

"ငါ့ကို လူတိုင်း သဘောကျစေရမယ်" ဟု ယူဆကာ လိုက်လုပ်နေမည်ဆိုလျှင် ပြဿနာ အထွေထွေသည် မိမိဘဝအတွက် အဟန့်အတားများဖြစ်လာနိုင်ပါသည်။ ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရားသည်ပင် သတ္တဝါတိုင်း သဘောကျအောင် မပြုလုပ်နိုင်ကြောင်းကို သတိမူသင့်ပါသည်။ မြတ်စွာဘုရားရှင်က"မည်သည့်ကိစ္စ မဆို မိမိတို့၏ ကိုယ်ပိုင်အသိဖြင့် ဆောင်ရွက်ကြရန်" လမ်းပြတော်မူခဲ့ပါသည်။

"သူတစ်ပါး ပါးစပ်လှုပ်တိုင်းသာ ကိုယ်ရဲ့စိတ်က လှုပ်ရှားနေမယ်ဆိုရင် ကိုယ့်ဘဝဟာ သူတစ်ပါး ပါးစပ်ဖျားမှာ လမ်းဆုံးသွားမယ်"ဟု ဆရာတော် ဦးဇောတိက၏ တစိမ့်စိမ့် တွေးမယ် သိစရာတွေးစရာ စာအုပ်တွင် မှတ်သားခဲ့ဖူးပါသည်။ မိမိရှေ့တွင် တီးတိုးစကားဆိုကြသူများကို ကျွန်တော်တို့ ကြုံဖူးကြပါလိမ့်မည်။ ထို့သို့ကြုံတွေ့လာသောအခါ "သူတို့ ငါ့အကြောင်း မကောင်းတာပြောနေတာလား၊ ကောင်းတာ ပြောနေတာလား" စသည်ဖြင့် စိတ်လှုပ်ရှားစွာ သိလိုကြပြန်သည်။

ထိုသို့ပြောစကားများတွင် မိမိတို့အတွက် မကောင်းသောပြောဆိုခြင်းများပါနေလျှင် ထိုစကားများပေါ်တွင် စီးမျောခံစားမနေဘဲ မိမိတို့၏အပြုအမူ အပြောအဆိုများကို ပြုပြင်ကြရန်လိုအပ်ပါသည်။ သို့မှသာ ရင့်ကျက်တည်ငြိမ်၍ လူတော်လူကောင်းများ ဖြစ်လာကြပါလိမ့်မည်။ ကောင်းသောစကားများကို ပြောကြားနေလျှင်လည်း မာန်မာနဖြင့် ဂုဏ်ယူဝင့်ကြွားမနေဘဲ ကောင်းသောအမူအကျင့်များကို လိုအပ်ပါသည်။

ဘဝကို မိမိအမြင်ဖြင့်သာ ရှင်သန်သူသည် မိမိကိုယ်ကို ယုံကြည်မှုရှိလာမည် ဖြစ်ပါသည်။ မိမိကိုယ်ကို ယုံကြည်မှုရှိလာလျှင် လုပ်သင့်လုပ်ထိုက်သော အလုပ်ကိစ္စများကို မည်သူ့မျှမခိုင်းဘဲ လုပ်ဆောင်လိုသော စိတ်များဖြစ်ပေါ်လာပေသည်။ မိမိ၏ပညာကို ကိုယ်တိုင်ရှာ၍ ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်သူ တစ်ဦးဖြစ်လာကြပေလိမ့်သည်။

ထို့ကြောင့် အမှန်တရားကို ချစ်မြတ်နိုး၍ ရိုးသားစွာနေထိုင်လျက် စေတနာဖြင့် အမှားကို ဝေဖန်ထောက်ပြသော အသံများကို ခံနိုင်ရည်ရှိအောင် ကြိုးစားကာ မိမိအမြင်ဖြင့် မိမိအနာဂတ်ကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အလှစုံညီ မိုးဦးပန်းချီ

❖ အနောက်တောင် လေနီကြမ်းက
မြန်ပြည်တစ်ဝန်း အပြေးဝင်။
ကောင်းကင်မှာ တိမ်ကနုတ်က
လိမ်ရှုပ်လို့ပင်။

❖ ဝသန်ဦးအစ ပဇ္ဇုန်ရှင်
မာန်ဟုန်ပြင် ရှစ်နယ်တိုင်း။
မိုးလေတွေ ကလူနဲ့လို့
နယ်ချဲ့ကာမှိုင်း။

❖ လျှပ်ပန်းဖြာ ဗလာဆိုင်းနှင့်
ဝုန်းဝုန်းဒိုင်း နတ်စည်သံ။
အုံ့အင်ဖားသံ စည်းဝါးမကျိုး
ရွှေမိုးခေါ်ပြန်။

❖ ဗျိုင်းငှက်တို့ ဆူဆူညံ
အိပ်တန်းပြန် ညနေချမ်း။
ပန်းစံပယ် ငွေရောင်ဖွေးလို့
မွှေးကြိုင်ကာလန်း။

❖ ဖြူပြာဝါ အကွက်ဆန်းနှင့်
တိမ်နီတန်း အာကာပြင်။
ရွာမလိုလို ဟန်ရေးပြ
သွန်းချရှစ်ခွင်။

❖ ရေဖွေးဖွေး လယ်ကွင်းပြင်
ရေတွေဝင် ပြည့်လျှံသွား။
ရှုမြင်သူ စိတ်အေးချမ်းတယ်
လှပပန်းချီကား။ ။

ပန်းမာလာ

## တို့ရွာအလှ သဘာဝ

❖ တို့ရွာရှေ့က လယ်ကွင်းပြင်
စပါးစိမ်းစိုလွင်၊
ရွာအနောက်တွင် အင်းရေကြော
သားငါးတွေကပေါ။

❖ တို့ကျေးတောရဲ့ ဓလေ့မူ
သဘောမနောဖြူ၊
ရွာသားရွာသူ စည်းစည်းလုံး
ရိုင်းပင်းချစ်ကြည်ပြုံး။

❖ တစ်ရွာလုံးက တောင်သူတွေ
ရိုးသားကြိုးစားနေ၊
ချစ်သောမိတ်ဆွေ မြင်လှည့်စမ်း
သဘာဝဖြင့်လန်း၊
တောပန်းတောင်ပန်း စီရရီ
ဖူးပွင့်ရနံ့ချီ၊
မရိုးအီပါ ထာဝရ
မြင်တွေ့တိုင်းမှာလှ။
ရွှင်လန်းချမ်းမြေ့ရ။ ။

အဝေရာကိုကို

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စိန်ပန်းရပ်ကွက်နေ ဝေယံဦးမော်သည် ၎င်းအသုံးပြုသည့် “Wuttyee Soe” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၇၀၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၃၀ | ၂၂၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၉ | ၂၀၀၂ |
| 95 Ron | ၂၀၂၄ | ၂၀၉၈ |
| HSD (500 ppm) | ၁၈၄၂ | ၁၉၀၈ |
| HSD (50 ppm) | ၁၉၁၆ | ၁၉၈၃ |
| HSD (10 ppm) | ၁၉၁၆ | ၁၉၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၀၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၀၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၃) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၂၆,၉၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၆၀၄) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၆၇)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၅၂၇) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(သကမ - ၁၆)၊ လူနေရပ်ကွက် အမှတ်(၁၈)၊ ဗိုလ်တာယာလမ်း၊ မြေကွက်အမှတ်(၅၂၀/ခ)၊ (အလျား ၂၀ပေ x အနံ ၆၀ပေ)၊ ဧရိယာအကျယ်အဝန်း (၀.၀၂၇၅)ဧက၊ စတုရန်းပေ (၁၂၀၀)အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်အေး [၇/အတန(နိုင်)၀၆၇၆၂၂] နှင့် ဒေါ်မျိုးမျိုးဝင်း [၁၂/လသယ(နိုင်)၀၆၇၁၅၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုလာသူ ဒေါ်မြတ်မွန် [၁၂/တမန(နိုင်)၀၄၀၉၁၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့် [၁၄/မမန(နိုင်)၁၇၈၀၀၃] က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၅၀၆၀၄၃**

## ဖခင်အမည်မှန်ဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အထက(ခွဲ) ရှာဖြူကုန်းမှ G-10 တွင် ပညာသင်ကြားနေသော မယွန်းရဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းမောင် [၇/ကပက(နိုင်)၁၁၁၃၇၈] ဖြစ်ပါကြောင်း။

**ဦးစန်းမောင်၏ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၃၄၆/၁၃-၁၀-၂၀၁၆)**
**အမှတ်-၅၅၊ အခန်း(၅)၊ ဒု-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၉၇၆၃၅**

# သင့် သွေးဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၃၉/၄၁ ဟုခေါ်တွင်သည့် (RC) (၁၂) ထပ်တိုက် အဆောက်အဦး၏ (၈) ထပ်မြောက်၊ အကျယ်အဝန်း (၂၄' x ၅၀') ရှိ အခန်းအမှတ် ၈စီ/၁ ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတွင်တပ်ဆင်ထားသော အိမ်သုံးမီတာတစ်လုံးနှင့် ရေမော်တာတို့အပါအဝင် ဆက်စပ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ကားပါကင် တစ်နေရာစာ**တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သူဇာ [၁၃/ကသန(နိုင်) ၀၂၈၆၄၄] ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးငြိမ်းမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၆၆/၂၀၁၂)**
**အခန်း (၇စီ/၁)၊ စန္ဒာမြိုင်ကွန်ဒို၊ လှည်းတန်းလမ်းမ၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၈၂၅၉**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

